မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဖော်ထုတ်ချုပ်ချယ်ရေးအဖွဲ့စည်းဝေး

နိုင်ငံတကာငွေကြေးစနစ်ကိုကာကွယ်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက လိုက်နာဆောင်ရွက်ကြရေးအားပေး

မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့်အချက်များ ပြုပြင်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး

ညှိနှိုင်း ဆွေးနွေး

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ (၁/၂၀၁၀)ကြိမ်မြောက် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၀

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့၏(၁/၂၀၁၀)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမဆောင်၌ ကျင်းပရာ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ စုစုပေါင်း ၃၉ ဦး တက်ရောက်ခဲ့ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ *

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု

ပြည်သူများစိတ်တိုင်းကျ ခံစားကြည့်ရှုရတော့မည့် ‘အလင်းရောင်’ ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၀

မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ **‘အလင်းရောင်’**အမည်ရှိ တပ်မတော်နေ့ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်းကို ထုတ်လွှင့်တော့မည်ဖြစ်သည်။ ပြည်သူများကလည်း စိတ်ဝင်စားစွာ မျှော်လင့်စောင့်စားနေကြပြီဖြစ်ရာ **‘အလင်းရောင်’** ရုပ်မြင်သံကြားဇာတ်လမ်းတွင် စာမျက်နှာ ၈ ကော်လံ ၁ ●

နုမြတ်ရွှေစင်(မိုးဟေကို)၏ အင်ဂျင်နီယာအဖြစ် တံတားတည်ဆောက်မှု ဇာတ်ဝင်ခန်းကလည်း ဤသို့ပီပြင်စွာ....။ (မြန်မာ့အလင်း)

ဇာတ်ဝင်ခန်း

မြင့်မြတ် (စောဆေးဝါး) နှင့် မိုးယုစံ (နော်အဲဝါ)တို့ သရုပ်ဆောင်မှု ဇာတ်ဝင်ခန်းကလည်း ဤသို့အားပြိုင်လျက်....။ (မြန်မာ့အလင်း)

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၁ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ဖော်ဆောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ လက်တွဲဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကြားအလပ်မရှိ ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးမှု အခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။

သဘာဝတောတောင်၊ မြစ်ချောင်း၊ ပင်လယ်များ ကာဆီးနေမှုကြောင့် ယခင်ကာလက တည်ငြိမ်အေးချမ်းမှု မရရှိခဲ့သော ရခိုင်ပြည်နယ်သည် တပ်မတော်အစိုးရ တာဝန်ယူသည့်ကာလတွင် အခြေခံအဆောက်အအုံများကို ဖောက်ချ၍ တိုင်းရင်းသားပြည်သူများနှင့် လက်တွဲညီညီဆောင်ရွက်ခဲ့ရာ ယခုအခါ ဖွံ့ဖြိုးစည်ပင်သာယာလျက်ရှိသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင်တည်ရှိပြီး မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်း၊ ပဲခူးတိုင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်၌ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ရေ၊ မြေ၊ တော၊ တောင် သဘာဝအတားအဆီးများ မည်သို့ပင် တားဆီးနေစေကာမူ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ပဲခူးတိုင်းအနောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့ကို ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းမကြီးသုံးသွယ်ကို ဖောက်လုပ်ပေးထားသည်။ ရန်ကုန်အထိ မီးရထားဖြင့် သွားလာနိုင်ရန် စစ်တွေ-အမ်း-မင်းဘူး မီးရထားလမ်း ဖောက်လုပ်ပေးခြင်းအပြင် စစ်တွေနှင့် သံတွဲ လေဆိပ်များကိုလည်း မူလထက်သာလွန်ကောင်းမွန်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ပေ ၁၈၀ အထက် တံတားကြီး ၃၆ စင်းကို ငွေကျပ်သိန်းပေါင်း ၂၈၀၃၀၉ ဒသမ ၄၃ အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။

စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန် စိုက်ပျိုးမြေများတိုးချဲ့ခဲ့သည်။ သီးနှံအထွက်ကောင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်သည် လယ်ယာ၊ သားငါး၊ သစ်တောစသည့် သဘာဝသယံဇာတများရှိပြီးဖြစ်၍ ယင်းတို့ကို ထုတ်ယူသုံးစွဲရန် အသိပညာ၊ အတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိရာ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများသည် ရရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ပိုမိုတိုးတက်ရန် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်း၍ ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တီတီစီ ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၀

ပညာရေးတက္ကသိုလ် လက်တွေ့လေ့ကျင့်ရေးကျောင်း(T.T.C) ၏ ကျောင်းသားကျောင်းသူဟောင်းများ ဂေါက်သီးရိုက်ကစားရင်း မိတ်ဆုံစားပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်ဆက်သွယ်စုံစမ်းလိုပါက ဦးမြင့်သိန်းတင် ဖုန်း-၃၈၃၇၂၁၊ ၀၉-၅၀-၀၉၆၄၂၊ ဒုတိယဗိုလ်မှူးကြီးသန်းညွန့်(ငြိမ်း) ဖုန်း-၀၉-၅၁-၃၅၂၅၅၊ ဒုတိယဗိုလ်မှူးကြီးသန်းမင်း(ငြိမ်း) ဖုန်း-၆၃၆၅၅၃၊ ၀၉-၅၅-၀၅၃၇၃၊ ဦးကြည်လွင် ဖုန်း-၀၉-၅၅-၀၀၅၃၇၊ ဒေါ်ဝင်းဝင်းညွန့် ဖုန်း-၅၅၀၄၉၆၊ ၀၉-၅၁-၁၃၆၇၁၊ ဒေါ်မာလာမြင့် ဖုန်း-၅၂၄၄၇၃၊ ၀၉-၅၁-၁၃၆၉၊ ဦးကျော်မိုးနိုင် ဖုန်း-၂၄၅၆၅၈၊ ၀၉-၅၀-၄၂၄၂၁၊ ဦးမျိုးသိမ်း ဖုန်း-၂၁၀၈၃၆၊ ၀၉-၅၀-၀၂၂၅၄၊ ဒေါက်တာမိုးတင် ဖုန်း-၀၉-၉၉-၂၇၁၇၁နှင့် ဦးသက်ဦးတင် ဖုန်း-၀၉-၅၀-၅၀၇၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၂၂-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
　　နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်(ပုဗ္ဗဏှသုတ်)
　　ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၂၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား
　　(စီးပွားဖြစ်ကျွဲကောစိုက်ပါ)
　　တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာ အလှကမ္ဘာ
　　(ထိုင်တတ်မှလှမယ်)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာ သိကောင်းစရာ
　　(ဂယ်လီလီယို-ဒေါက်တာ
　　ခင်မောင်ညို)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
　　သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစား သတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်း တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
　　တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
　　ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ
　　(ကျန်းမာရေးအတွက်
　　ပုံမှန်လေ့ကျင့်ခန်း)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
　　ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
　　တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ရေဒီယို ဇာတ်လမ်းတွဲများ
　　နှလုံးသားပြိုင်ပွဲ (အပိုင်း-၁)
　　နိုင်ငံရေးဦးတည်ချက်
၁၉း၄၀ ပြုံးပဒေသာ
　　တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ
　　(အဲဒါအချစ်လို့ခေါ်တယ်)
၂၀း၃၀ တေးပဒေသာ
　　စီးပွားရေးဦးတည်ချက်
၂၁း၀၀ သီချင်းကြီး
　　လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
　　တေးပဒေသာ

ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်မှု ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် မတ် ၁၅ရက်က ပုဂံမြို့မှ မော်တော်ယာဉ်ဖြင့် ညောင်ဦး-မြင်းခြံလမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း လက်ပံခြေပေါ်ကျေးရွာ အနီး၌ တည်ဆောက်နေသော ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ အထူးစီမံကိန်းကြီးအဖွဲ့(၄) ဧရာဝတီတံတား (ပခုက္ကူ)မှ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးကြီးတို့က တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက တံတားဘိုးပိုင် တူးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီးသည် တံတားတည်ဆောက်နေမှုကို လက်ပံခြေပေါ် ဘက်ကမ်းမှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်ဦးခရိုင် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း အထူးစီမံကိန်းအဖွဲ့(၃) တည်ဆောက်ရေးလုပ်ငန်းအဖွဲ့(၁) လက်ပံခြေပေါ်ဘက်ကမ်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက(၂)လမ်းမတော် (မြမာလာ) မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (မြမာလာ) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပန်ဒါပဟိုတယ် ပုလဲခန်းမ၌ နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်၍ ကန်တော့ခံ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၀၉-၈၅-၁၆၁၉၉၊ ၂၂၈၁၀၄၊ ဦးကံကောင်း ဖုန်း-၀၉-၉၉-၂၃၅၂၈၊ ဦးစိန်ဝင်း ဖုန်း-၂၂၂၂၆၇၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၁-၃၉၀၈၉၊ ဦးကြင်စိန် ဖုန်း-၀၉-၈၆-၁၀၈၉၈၊ ၀၉-၈၀-၃၀၂၆၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ မတ် ၂၀ရက်မှ ၂၇ရက်အထိ အထက (၂)လမ်းမတော်၌ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ အလှူငွေများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

GIGABYTE Notebookများ ဖြန့်ချိရောင်းချမည်

ရန်ကုန် မတ် ၂၀

Gigabyte Notebook ၏ ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးနေသော Myanmar Technology Zone Co., Ltd. မှ Model မြင့် Q 1458 Multimedia Notebook များ ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ Q 1458 Notebook များကို 2Years International Warranty ပေးထားပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည့်အပြင် Authorized Service Centre ဖွင့်လှစ်ထားကြောင်း သိရသည်။

Gigabyte Q 1458 Notebook မှာ Computerကို အမြဲတစေအသုံးပြုသူများအတွက် ရည်ရွယ်ထားပြီး မြန်ဆန်သော 2.2GHz Intel CPU, ကြီးမားသော 320GB Hard Disk, 2GB Memory နှင့် 14.1" Screen များပါဝင်သည်။ ဒီဇိုင်းမှာလှပသပ်ရပ်ပြီး နှစ်နှစ်အာမခံပေးထားသောကြောင့် အိုင်တီပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အိုင်တီနှင့်သက်ဆိုင်သောမန်နေဂျာများနှင့် တက္ကသိုလ်ကျောင်းသားလူငယ်များအတွက် အသုံးပြုရန် အကောင်းဆုံးဖြစ်သည်။ Q1458 Notebook များကို စတင်မိတ်ဆက်သည့်အနေဖြင့် မတ် ၁၉ရက်မှ ၂၁ရက်အထိကျင်းပမည့် Myanmar ICT Exhibition 2010 တွင် Dealer ပြခန်းများမှတစ်ဆင့် ကြိုတင်မှာယူပါက Special Promotion အနေဖြင့် အထူးဈေးနှုန်း ငွေကျပ်လေးသိန်းကျော်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဖြန့်ဖြူး

Promotion ကို Myanmar ICT Exhibition 2010 အတွင်း ကြိုတင်မှာယူနိုင်သော Dealer ဆိုင်များမှာ Citi Com, Bluray, Thein Min,King Power, Top Power, I-Com , Life Mark, ADT, ICE, Neo Tech, Technoland, Notebook Martတို့ဖြစ်သည်။ အရောင်းပြခန်းမှာ အမှတ် (၁၂၅၊ ဘီ) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၂၅၆၉၊၇၂၃၀၀၉တို့ဖြစ်ပြီး Myanmar Technology Zone Co.,Ltd. (T-Zone Computer Sales & Distribution) မှာ Gigabyte Notebook အပြင် BenQ Electronics ပစ္စည်းများကိုလည်း တရားဝင်ကိုယ်စားလှယ်အနေဖြင့် ဖြန့်ဖြူးနေကြောင်း သိရသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ye Dabo နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မတ် ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ye Dabo နှင့်အဖွဲ့သည် ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

**** ရှေ့ဖုံးမှ***

အစည်းအဝေးတွင် နိုင်ငံတကာငွေကြေးစနစ်ကို ကာကွယ်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက လိုက်နာဆောင်ရွက်ကြရေးကို အားပေးရန်ရည်ရွယ်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပြန်လှန်သုံးသပ်ရေးအဖွဲ့ (International Cooperation Review Group-ICRG) နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) က လုပ်ငန်းစီမံကိန်း (Action Plan) ၁၁ချက်နှင့် FATF မျက်နှာစုံညီအစည်းအဝေးမှ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် အချက်ခြောက်ချက်တို့ကို ပြုပြင်ဆောင်ရွက်သွားရန် တိုက်တွန်းထားသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန သင်တန်းများဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်ခဲ့သည့် Computer Programming Course (Visual Basic) သင်တန်းနှင့် Multimedia Web Content Development Course သင်တန်းများဆင်းပွဲ အခမ်းအနားကို မတ်၁၉ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

တက်ရောက်ခဲ့

အဆိုပါသင်တန်းများကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၇၄ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar ICT Exhibition 2010 ပြပွဲ၌ msi ပြခန်း ပါဝင်ပြသ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ မတ်၁၉ရက်မှ ၂၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် Myanmar ICT Exhibition 2010 ပြပွဲ၌ msi မှ ပါဝင်ပြသလျက်ရှိသည်။

ကံစမ်းမဲဖောက်

အဆိုပါပြခန်းတွင် Memory Stick 4GB, msi Sport Shirt, PANDA Antivirus Software (1 Year Licence) တို့ကို Laptop ဝယ်ယူသူတိုင်း လက်ဆောင်ရရှိမည်ဖြစ်ပြီး ပြင်ပဈေးထက် ကျပ်တစ်သောင်းခွဲဝန်းကျင် ဈေးလျှော့ ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် msi Laptop တစ်လုံးထပ်မံရရှိနိုင်မည့် ကံစမ်းမဲလက်မှတ် တစ်စောင်ကိုလည်း ရရှိပြီး ပြပွဲနောက်ဆုံးရက်ဖြစ်သည့် မတ်၂၁ရက် ညနေ ၅နာရီတွင် msi ပြခန်းအမှတ် (C-3)တွင် ကံစမ်းမဲဖောက်၍ ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် msi Mother board နှင့် System pc ဝယ်ယူသူများအား သီးသန့်ကံစမ်းမဲရရှိမည်ဖြစ်ပြီး ကျပ်နှစ်သိန်းတန် msi Gift Card တစ်စောင်ကို ပြပွဲနောက်ဆုံးရက်တွင် ကံစမ်းမဲဖောက်၍ ပေးအပ်မည်ဖြစ်သည်။

ပြသထား

နည်းပညာပိုင်းတွင် msi ၏ နောက်ဆုံးထွက်ရှိသောစီးရီး P55-GD 65 Mother board ကို R 5870-PM2D1GB/DDR5 Graphic Card နှင့် တွဲပြီး Monitor လေးလုံးကို ပြကွက်သုံးမျိုးဖြင့် ပြသထားသည်။

တွေ့မြင်နိုင်

နောက်နှစ်လုံးမှာ အခြားလုပ်ဆောင်ချက် တစ်မျိုးစီကို ပြသထားသည့် အောက်ဆုံး Monitor နှစ်လုံးပေါင်းမှ ပြကွက်တစ်မျိုးသာ မြင်ရသည်။ ထိုနည်းပညာ Eyefinity ကို ပြပွဲ၌ msi ပြခန်းတစ်ခုတည်း၌သာ တွေ့မြင်နိုင်သည်။

ထို့အပြင် Graphic Card မလိုဘဲ အဆင့်မြင့်ဂိမ်းကစားနိုင်သည့် H 55M-E33 Mother board မှာ Gamer များ အကြိုက်တွေ့စေမည့် ပြကွက်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကသာခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၀

ကသာခရိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲနှင့် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲတို့ကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီ တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်အထက် အသင်းသူအသင်းသားများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်သူများသည် ဦးညွန့်ဦး(ဥက္ကဋ္ဌ) ဖုန်း-၅၇၃၇၂၈၊ ဒေါ်ညွန့်ညွန့်ရွှေ(ဘဏ္ဍာရေးမှူး) ဖုန်း-၆၆၅၈၂၁၊ ဦးအောင်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁-၁၀၇၃၅နှင့် အမှုဆောင်များထံသို့ စာရင်းပေးပို့နိုင်သည်။

(မြန်မာ့အလင်း)

မီးသုံးစွဲလျှင် သတိယှဉ်

ဆင်ခြင်သတိ အမြဲရှိ

အဖျော်ယမကာများ အခွန်အခပေးဆောင် ရောင်းချရေး တိုက်ကြီးမြို့နယ်တွင် ရှင်းလင်းပြောကြား

ရန်ကုန် မတ် ၂၀

တရားမဝင်တင်သွင်းထားသည့် အဖျော်ယမကာများနှင့် သောက်ရေသန့်များကို အခွန်အခပေးဆောင်၍ တရားဝင်ရောင်းချစေရေးလုပ်ငန်းစီမံချက် ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၉ရက် မွန်းလွဲ၁နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က အဖွင့်အမှာစကား ပြောကြားပြီး တရားဝင်ရောင်းချစေရေး လုပ်ငန်းစီမံချက် အဖွဲ့ခေါင်းဆောင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအုန်းသောင်း **(အပေါ်ပုံ)** က လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ရွှေကျင်မြို့တွင် ဝ ဒသမ ၄၀လက်မ၊ ကျိုင်းတုံမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ဝ ဒသမ ၁၆လက်မစီနှင့် သထုံမြို့တွင် ဝ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၂၁ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တရုတ်နှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး စာချုပ်များချုပ်ဆို

ပေကျင်း မတ် ၂၀

တရုတ်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့သည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် စိုက်ပျိုးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် မတ် ၁၉ရက်က ဖော်ပြသည်။

နှစ်နိုင်ငံအစိုးရများအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေကျင်းမြို့၌ မတ် ၁၉ရက်က ကျင်းပသည့် ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ တရုတ်နိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ရောက်ရှိစဉ် ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

နှစ်နိုင်ငံအစိုးရများအနေဖြင့် ဆက်သွယ်ဆောင်ရွက်မှုနှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်သည့်အပြင် နှစ်ဦးနှစ်ဖက် အပြန်အလှန် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး ကဏ္ဍများ၌လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု စီစဉ်ထားကြောင်း သတင်းတွင်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပန်းအလှပြခန်း

အီရန်နိုင်ငံ၏ နှစ်ဦးပွဲတော် ကာလအတွင်း ပန်းအလှရောင်စုံ အရောင်းပြခန်းကို တီဟီရန်မြို့၌ မတ်၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်ဒေသ အစ္စရေးတို့ လေကြောင်းမှတိုက်

ဂျေရုဆလင် မတ် ၂၀

အစ္စရေးက ပါလက်စတိုင်းတို့၏ ဂါဇာကမ်းမြောင်ရှိ နေရာခြောက်နေရာကို ပစ်မှတ်ထားလျက် မတ်၁၉ရက်စောစောပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်သည်။

သတင်းထုတ်ပြန်

ယင်းမှာ ယမန်နေ့က အစ္စရေးနိုင်ငံသို့ ပါလက်စတိုင်းတို့က ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် လေကြောင်းမှ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန(အိုင်ဒီအက်ဖ်)က သတင်းထုတ်ပြန်သည်။

ပစ်မှတ်ထား

ဂါဇာမြောက်ပိုင်းရှိ လက်နက်ထုတ်လုပ်ရေးစခန်းနှင့် ဂါဇာတောင်ပိုင်းမှ ဥမင်လိုဏ်ခေါင်းငါးနေရာကို ပစ်မှတ်ထားကာ အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါနေရာများသည် အစ္စရေးအားတိုက်ခိုက်ရန်အတွက် အသုံးပြုသည့်နေရာများဖြစ်သည်ဟု ယူဆရသောနေရာဖြစ်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ကျင်းပသည့် စာအုပ်ပွဲတော်ကို မတ် ၁၈ရက်က **တွေ့ရစဉ်။**(အဆိုပါပွဲတော်တွင် နိုင်ငံပေါင်းနှင့်ဒေသတွင်း အဖွဲ့ ၃၉ဖွဲ့မှ ပါဝင်ပြသသည်။) **(ဆင်ဟွာဓာတ်ပုံ)**

မူးယစ်ဆေးဝါးနှစ်တန် အစ္စတန်ဘူလ်၌ သိမ်းဆည်းရမိ

အစ္စတန်ဘူလ် မတ် ၂၀

တူရကီရဲတပ်ဖွဲ့သည် အစ္စတန်ဘူလ်မြို့၌ ပြီးခဲ့သည့်နှစ်လအတွင်း မူးယစ်နှိမ်နင်းရေးထိုးစစ်ဆင်နွှဲမှုတွင် တရားမဝင် မူးယစ်ဆေးဝါးနှစ်တန် သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က မတ် ၁၉ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို အစ္စတန်ဘူလ်မြို့ဝန်းကျင်နှင့် အတာတက်စ်လေဆိပ်တို့မှ သိမ်းဆည်းရမိခြင်းဖြစ်ပြီး နိုင်ငံခြားသားများ အပါအဝင် မသင်္ကာသူ ၄၅၁ ဦးကိုလည်း ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗင်နီဇွဲလား လေကြောင်းကာကွယ်ရေးစနစ် ကူညီတည်ဆောက်ပေးမည်ဟု ဘီလာရုစ်ကတိပြု

မင့်စ် မတ် ၂၀

ဗင်နီဇွဲလားအစိုးရက ဘီလာရုစ်ရေနံချက်စက်ရုံများသို့ ရေနံစိမ်းဖြည့်ဆည်းပေးရန် သဘောတူလိုက်သည်။ ဘီလာရုစ်သမ္မတကလည်း ဗင်နီဇွဲလားနိုင်ငံအတွက် လေကြောင်းကာကွယ်ရေးစနစ် တည်ဆောက်ရာတွင် အကူအညီပေးမည်ဟု ကတိကဝတ်ပြုကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

ပြောကြား

ယင်းကိစ္စကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည်ဟု ဘီလာရုစ်သမ္မတ လူကာရှင်ကိုက ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ပြောကြားသည်။

ခိုင်မာ

ဘီလာရုစ်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် မကြာမီနှစ်များအတွင်း ထူးခြားစွာခိုင်မာလျက်ရှိသည်။

(အင်တာနက်)

အီရန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍ၌ ဒေါ်လာဘီလီယံ ၂၀၀ ရင်းနှီးမြှုပ်နှံရန်လို

တီဟီရန် မတ် ၂၀

အီရန်နိုင်ငံ၏စွမ်းအင်ကဏ္ဍ၌ လာမည့်ငါးနှစ်တာကာလအတွင်း ထုတ်လုပ်မှုကျဆင်းမသွားရေးအတွက် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနံချက်စက်ရုံလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာဘီလီယံ၂၀၀ ရင်းနှီးမြှုပ်နှံရန်လိုအပ်လျက်ရှိကြောင်း အီရန်စွမ်းအင်ဝန်ကြီးက မတ်၁၇ရက်၌ ပြောကြားသည်။

အကောင်အထည်ဖော်

လာမည့်ငါးနှစ်တာကာလအတွက် စွမ်းအင်ကဏ္ဍရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ဗီယင်နာမြို့၌ မတ်၁၆ ရက်တွင်ကျင်းပသည့် အိုပက်အစည်းအဝေး၌ အီရန်စွမ်းအင်ဝန်ကြီး၏ ပြောကြားချက်ကို သည်ဝေါလ်စထရိတ်ဂျာနယ်က ကိုးကားဖော်ပြသည်။

ပြောကြား

အီရန်နိုင်ငံ၏နျူကလီးယားအစီအစဉ်များကို ပိတ်ဆို့မှုပြုလုပ်ခြင်းအားဖြင့် အထက်ပါအစီအစဉ်များအား ထိခိုက်စေနိုင်မည်မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အစ္စရေးနှင့် ပင်လယ်ကွေ့နိုင်ငံများ အီရန်ဆန့်ကျင်ရေးတွင် စည်းလုံးမှုရှိနေဟုဆို

ရီးယာ့ဒ် မတ် ၂၀

အစ္စရေးနှင့် အီရန်စစ်ဖြစ်ပါက ဆော်ဒီအာရေဗျက ယင်း၏ လေကြောင်းပိုင်နက်ကို အစ္စရေးအား အသုံးပြုခွင့်ပေးမည်ဟု အနောက်အုပ်စုလုံခြုံရေး သတင်းရပ်ကွက်က ယုံကြည်ကြသည်။

ဖော်ပြထား

အီရန်နိုင်ငံအား ဆန့်ကျင်ရာတွင် ပါရှန်ပင်လယ်ကွေ့နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့ စည်းလုံးညီညွတ်မှုရှိနေသည်ဟု ဂျာမန်စပီဂယ်မဂ္ဂဇင်းက မတ် ၁၈ ရက်၌ ဖော်ပြထားသည်။

ရည်ညွှန်း

မဂ္ဂဇင်းဆောင်းပါးက အာရပ်အဖွဲ့ချုပ်ဝန်ကြီးများ ထိပ်သီးအစည်းအဝေးကို ရည်ညွှန်း ရေးသားထားခြင်းဖြစ်သည်။

(အင်တာနက်)

အမေရိကန် နိုင်ငံသားငါးဦး ပါကစ္စတန်၌ တရားစွဲခံရ

အစ္စလမ္မာဘတ် မတ် ၂၀

ပါကစ္စတန် တရားရုံးတစ်ရုံးက အကြမ်းဖက်မှုဖြင့် အမေရိကန်နိုင်ငံသား ငါးဦးကို မတ် ၁၇ရက်က တရားစွဲဆိုလိုက်ကြောင်း၊ အဆိုပါ အမေရိကန်နိုင်ငံသား ငါးဦးသည် အယ်လ်ခိုင်ဒါနှင့် ဆက်စပ်နေသည့် အကြမ်းဖက်အုပ်စုများနှင့်အတူ တိုက်ခိုက်ရန်ကြံစည်သည်ဟု မသင်္ကာသဖြင့် ဖမ်းဆီးခဲ့ပြီးနောက် သုံးလအကြာတွင် ယင်းကဲ့သို့ ရုံးတင်တရားစွဲဆိုလိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဖမ်းဆီး

အဆိုပါ အမေရိကန်နိုင်ငံသား ငါးဦးသည် ဗာဂျီးနီးယားပြည်နယ်မှ ဖြစ်ပြီး အသက်အားဖြင့် ၁၈နှစ်မှ ၂၅နှစ်အတွင်း ရှိသူများဖြစ်သည်။ ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ဆာဂိုဒါမြို့၌ ဂျက်စ်-အီး-မိုဟာမက် (ဂျေအီးအမ်)ဟု ခေါ်သည့် မြေအောက် စစ်သွေးကြွအုပ်စု တစ်စုမှ အဖွဲ့ဝင်တစ်ဦး၏ နေအိမ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယူဆ

အဆိုပါ အမေရိကန်နိုင်ငံသား ငါးဦးသည် ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ရန် စီစဉ်နေသည်ဟု ယူဆရသူများ ဖြစ်သည်။

ယင်းတို့အား ဆာဂိုဒါရှိ အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေးတရားရုံး၌ တရားစွဲဆိုလိုက်ခြင်းဖြစ်သည်ဟု ပုဂ္ဂလိကရုပ်မြင်သံကြား အစီအစဉ်တစ်ခုက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖမ်းဆီးထားသည့် သင်္ဘောနှင့်သင်္ဘောသားများ ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်ပေး

မိုဂါဒစ်ရှူး မတ် ၂၀

ဆိုမာလီပင်လယ်ဓားပြများက လေးလကြာဖမ်းဆီးထားသည့် ဓာတုဗေဒပစ္စည်း သယ်ဆောင်လာသောသင်္ဘောနှင့် မြောက်ကိုရီးယားသင်္ဘောသားများကို ပြန်လွှတ်ပေးကြောင်း ရေကြောင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မတ် ၁၈ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘောသည် ကီရီဘာတီနိုင်ငံမှဖြစ်ပြီး သင်္ဘောသား ၂၈ဦးနှင့်အတူ ဆေရှဲလ်နိုင်ငံ အနောက်မြောက် ဆိုမာလီတောင်ပိုင်းတွင် ပြန်ပေးဆွဲခံခဲ့ရခြင်း ဖြစ်သည်။

ပြန်လွှတ်

ပင်လယ်ဓားပြများက ခြိမ်းခြောက်တောင်းခံငွေဒေါ်လာ ၃ဒသမ၅သန်းရရှိပြီးနောက် ပြန်လွှတ်ပေးခြင်းဖြစ်သည်ဟု ကင်ညာအခြေစိုက် အရှေ့အာဖရိက သင်္ဘောသား ကူညီရေးအစီအစဉ်မှ အင်ဒရူးမွမ်ဂူရာက ပြောကြားသည်။

ယခုအခါယင်းသင်္ဘောသည် လွတ်မြောက်လာပြီး မွမ်ဘာဆာသို့ ဦးတည်ခုတ်မောင်းလျက်ရှိရာ လာမည့်သုံး၊လေးရက်အတွင်း ရောက်ရှိနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ရာဇဝတ်မှုတိုက်ဖျက်ရေးဌာန ဂွာတီမာလာစီးတီး၌ဖွင့်

မက္ကဆီကိုစီးတီး မတ် ၂၀

မက္ကဆီကိုမူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများအား နှိမ်နင်းရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးရုံး(ယူနော့)က ရာဇဝတ်မှုတိုက်ဖျက်ရေးဌာနကို ဂွာတီမာလာစီးတီး၌ မတ် ၁၈ရက်က ဖွင့်လှစ်သည်။

အဆိုပါဌာနသစ်သည် အယ်လ်ဆာဗေဒို၊ ပနားမားနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် ညှိနှိုင်းဆောင်ရွက်ရန်အတွက် ဒေါ်လာ ၁၆ သန်းတန်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဒေသဆိုင်ရာ ယူနော့ရုံးအကြီးအကဲ မာတီနက်ဇ်က ပြောကြားသည်။

ယင်းဌာနက ဝန်ထမ်းလေ့ကျင့်ရေးကိစ္စ၊ သတင်းဖလှယ်ရေးနှင့် နိုင်ငံတော်မူဝါဒများ ရေးဆွဲရေးစသည့်ကိစ္စများကိုလည်း အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန် အက်ဖ်-၃၅ တိုက်လေယာဉ်ဒေါင်လိုက်ပျံသန်းမှု စမ်းသပ်အောင်မြင်

ဝါရှင်တန် မတ် ၂၀

လော့ဟိမာတင်ကုမ္ပဏီမှထုတ်လုပ်သည့် အက်ဖ်-၃၅တိုက်လေယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် ဒေါင်လိုက် ပျံသန်းမှုစမ်းသပ်အောင်မြင်ကြောင်း အမေရိကန်မှလက်နက်ထုတ်လုပ်သည့် လော့ဟိမာတင်ကုမ္ပဏီက မတ် ၁၈ ရက်၌ ပြောကြားသည်။

အဆိုပါစမ်းသပ်မှုကို အသံထက်မြန်သော အက်ဖ်-၃၅ဘီ တိုက်လေယာဉ် (ရေဒါဖြင့်ဖမ်းမရသည့်တိုက်လေယာဉ်)ဖြင့် ဝါရှင်တန်မြို့အနီး မေရီလင်ဒေသရှိ ရေတပ်၊လေတပ်စခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ***(အင်တာနက်)***



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းရေးသားသည်

တရုတ်ဒုတိယသမ္မတ ရုရှားသို့အလည်အပတ်ရောက်ရှိ

တရုတ်ဒုတိယသမ္မတ စီကျန့်ပင်းသည် ရုရှားနိုင်ငံသို့ မတ် ၂၀ရက် နံနက်က ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးမည်ဖြစ်ပြီး ဘီလာရုစ်၊ ဖင်လန်နှင့် ဆွီဒင်နိုင်ငံများသို့ ခရီးဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း တရုတ်အရာရှိများက မတ် ၂၀ရက်၌ ပြောကြားသည်။

တောင်အာဖရိကမြောက်ပိုင်း၌ သတ္တုတွင်းပြိုကျမှုဖြစ်ပွား

တောင်အာဖရိကနိုင်ငံ စီအီရာမြို့အနီး သတ္တုမိုင်းတွင်းတစ်တွင်း မတ် ၂၀ ရက် နံနက်က ပြိုကျမှုဖြစ်ပွားရာ လူ ၂၀၀ ခန့်သေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စီအီရာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများကျဆင်းလျက်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ဈေးကွက်တွင် မတ် ၂၀ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၉ဒသမ၈၈ဒေါ်လာသာရှိကြောင်း နယူးယောက်မြို့ ရေနံလုပ်ငန်းရှင်များက ပြောကြားသည်။

ဘိုလီးဗီးယားမှဓာတ်ငွေ့ အာဂျင်တီးနားသို့ ပို့လွှတ်မည်

ဘိုလီးဗီးယားနိုင်ငံမှ ဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် အာဂျင်တီးနားနိုင်ငံသို့ ပို့လွှတ်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း၄၀ကုန်ကျမည့် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း အာဂျင်တီးနား အရာရှိများက မတ် ၂၀ရက်၌ ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ရထားလမ်းဥမင် ပြိုကျမှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မတ်၂၀ရက်က ရထားလမ်းဥမင်လိုဏ်ခေါင်းတစ်ခု မတော်တဆဖြစ်ရပ်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ အလုပ်သမား ၁၀ဦးခန့် ပိတ်မိနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက မတ် ၂၀ရက်၌ ပြောကြားသည်။

တရုတ်အရှေ့မြောက်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းဒေသများတွင် မတ် ၂၀ရက်က သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးကာ နေအိမ်အချို့ပျက်စီးပြီး ခရီးသွားလာရေး အခက်အခဲဖြစ်လျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

နာဆာမှလွှတ်တင်ထားသော ဂြိုဟ်တု ပုံမှန်လှည့်ပတ်

နာဆာအဖွဲ့က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များသိရှိရန် အာကာသသို့လွှတ်တင်ထားသော ဂြိုဟ်တုမှာလွှတ်တင်ပြီး၁၂ရက်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပုံမှန်အလုပ်များကို စတင်ဆောင်ရွက်နေပြီး မြေပြင်စခန်းသို့ သတင်းဓာတ်ပုံများလည်း ပေးပို့နေပြီဖြစ်ကြောင်း မတ်၂၀ရက်၌ နာဆာက သတင်း ထုတ်ပြန်သည်။

ဂရိနိုင်ငံ အေသင်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂရိနိုင်ငံမြို့တော်အေသင်တွင် မတ်၂၀ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အနီးဝန်းကျင်ရှိနေအိမ်နှင့်အဆောက်အအုံအချို့ ပျက်စီးသွားကြောင်း၊ ယင်းဗုံးမှာ ၂၄ နာရီအတွင်း ဒုတိယအကြိမ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း အေသင်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မတ် ၆ရက်က မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုထွန်း ဆောမြို့နယ် သီရိရပ်ကွက်ရှိ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးစဉ်။

(လဝက)

စစ်တွေကောလိပ်ကျောင်းသားဟောင်းများ(၁၉၇၃-၁၉၈၇) အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

စစ်တွေကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ ၁၉၇၃-၁၉၈၇၏ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဧပြီ၃၀ရက် ညနေ၄နာရီတွင် ကန်တော်ကြီး Western Park Royal Lake ၌ ကျင်းပမည် ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးရွှေမောင် ဖုန်း-၀၉-၈၅၀၀၆၃၅၊ ဒေါ်ခိုင်ခိုင်ဖုံ ဖုန်း-၀၉-၅၅၀၂၃၈၃၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၄၀၄၀၇၊ ဦးစိုးဝင်း ဖုန်း-၆၆၇၁၀၉၊ ဦးစံရွှေမောင် ဖုန်း-၀၉-၈၀၂၂၇၇၂၊ ဦးဦးလှမြင့် ဖုန်း-၀၉-၅၀၀၂၈၃၁၊ ဒေါ်လီလီဖုံ ဖုန်း-၀၉-၅၀၁၀၁၉၅၊ ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀၀၇၅၅၇၊ ဦးမောင်မောင်ကျော် ဖုန်း-၀၉-၅၁၇၁၉၅၁နှင့် တင်မြင့်ခိုင် ဖုန်း-၃၈၆၈၉၁တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၂၀

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမွှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေရရှိရေးလုပ်ငန်းဖြစ်သော ကြာအင်းကြီးကျေးရွာ ငြိမ်းချမ်းရေးမြို့သစ် လက်တူးတွင်းတူးဖော်ခြင်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးလင်းကြည် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် မတ် ၂၀

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Centre တွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဝင်းက အသင်း၏နှစ်ပတ်လည်အစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ အသင်းဥက္ကဋ္ဌက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးနှင့်အထက် ရရှိကြသော အသင်းဝင်တို့၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး **(အောက်ပုံ)** အစည်းအဝေးဆုံးဖြတ်ချက်အရ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ စာညွှန်း၊ ကာတွန်းစာမူများကို အလုပ်အမှုဆောင်အဖွဲ့ထံ အမြန်ဆုံး ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

အုတ်တွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

တောင်ငူ မတ် ၂၀

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်း ချဉ်ပေါင်ပျော့ဖတ်စက်ရုံ၌ မတ်၁၅ရက်နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကိုကျင်းပရာ စက်ရုံမှူး ဦးတင်လှိုင်နှင့် ဝန်ထမ်းများ၊ အုတ်တွင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း တပ်စုမှူး ဦးသိန်းမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး စက်ရုံမှူးဦးတင်လှိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံခန်းမ၌ စက်ရုံဝန်ထမ်းများအား အုတ်တွင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း တပ်စုမှူးဦးသိန်းမင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကြပြီး **(ဝဲပုံ)**မီးသတ်ဆေးဘူးအသုံးပြုနည်းများနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြသည်။ (၀၄၇)

တွန်းဇန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဇလပ်ဖြူလမ်း (မြို့ပြ) ရေထုတ်မြောင်းတည်ဆောက်မှုကို ဖေဖော်ဝါရီ ၂၆ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူး ဦးမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ မျိုးဆက်သစ်စာကြည့်တိုက် ကြည့်ရှုစစ်ဆေး

ပေါက်ခေါင်း မတ် ၂၀

ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်၊ ပေါက်ခေါင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းတင့်နှင့် ဝန်ထမ်းများသည် နိုင်ငံတော်ပံ့ပိုးငွေဖြင့် ဆောက်လုပ်သည့် သဖန်းချိုကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်ကို မတ်၃ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးဇော်ဝင်း၊ အဖွဲ့ဝင် ဦးမြင့်ကြည်နှင့် ကော်မတီဝင်များအားတွေ့ဆုံပြီး စာကြည့်တိုက်ကို (၆၅)နှစ်မြောက် တပ်မတော်နေ့ အကြိုဖွင့်လှစ်နိုင်ရေး ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၆၅)ကြိမ်မြောက် ဗဟိုကောင်စီစည်းဝေး

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၆၅)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလှရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့်တိုင်း ကြက်ခြေနီ တပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (၆၅) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေက (၆၄) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှက အမှုဆောင်အဖွဲ့အစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင်ဘဏ္ဍာထိန်း ဦးကြည်က ဘဏ္ဍာရေး အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြား တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နာဂစ်မုန်တိုင်းသင့် ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ထွန်းမြင့်က ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဌာနမှူးများက ဌာနအလိုက် ဒုတိယ ခြောက်လတာကာလအတွင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကော်မတီဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့မှူးများက မိမိတို့ ပြည်နယ်နှင့်တိုင်းအတွင်း ဆောင်ရွက်မှု အစီရင်ခံစာများကို လည်းကောင်း တင်ပြကြပြီး အစည်းအဝေးကို ညနေ၄နာရီတွင် ရပ်နားလိုက်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၆၅)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို မတ် ၂၀ရက်တွင် ဒုတိယနေ့အဖြစ် ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

ငွေဆောင်ကမ်းခြေအလှ သဘာဝဓာတ်ပုံ ဆုချီးမြှင့်ပွဲနှင့်ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းတို့ ကြီးမှူးကျင်းပသည့် ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် အထိမ်းအမှတ် ငွေဆောင်ကမ်းခြေအလှ သဘာဝ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပြိုင်ပွဲဝင် ဓာတ်ပုံများပြပွဲ အခမ်းအနားကို မတ် ၁၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြပွဲအခမ်းအနားကို မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေဇင်လတ်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) အတွင်းရေးမှူး ဒေါ်ကေသီနိုင်က ဆုချီးမြှင့်ပွဲနှင့် ပြပွဲအခမ်းအနား ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ငွေဆောင်ကမ်းခြေအလှ သဘာဝဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသည့် ပထမ ဦးအောင်ငွေလင်း**(အောက်ပုံ)**၊ ဒုတိယ ဦးကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ တတိယ ဦးဇော်ဇော်ဝေနှင့် နှစ်သိမ့်ဆုရ ဓာတ်ပုံပညာရှင် ၁၅ဦးတို့အား မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေဇင်လတ်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးဖေမြင့်ဦးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ကြသည်။ ထို့ပြင် CANON မှ မန်နေဂျာ ဦးသီဟဇော်က ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား CANON ကင်မရာများ ပေးအပ်ချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

နေပြည်တော် မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စုအတွင်း ကျေးရွာပေါင်း ၁၅ ရွာမှ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၁ရက်က ဝမ်ကန်ကျေးရွာ၌ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၊ ကျိုင်းတုံ ခရိုင်ဦးစီးဌာနမှူး ဦးအောင်မျိုး၊ ကျိုင်းတုံ မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းရှုန်တွီနှင့် ဝန်ထမ်းများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူးက မြန်မာနိုင်ငံသားဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးနှင့် ကျိုင်းတုံမြို့နယ်ဦးစီးဌာနမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများထံ ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၆ ခု ထုတ်ပေးခဲ့ကြောင်းနှင့် အခြား ကျေးရွာအုပ်စုများ၌လည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ်(၁၂)၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီအချို့မှ ဦးဆောင်သူများ၏ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောကြားချက် '၂၀၁၀ စင်တော်ကောက်'၊ အသည်းကြားက မဲတစ်ပြားကို ပေးမည့်သူများ၏ လွှတ်တော်အမတ်များအပေါ် မျှော်လင့်ချက်စကားသံများ စသည့် ရွေးကောက်ပွဲ အထူးကဏ္ဍများနှင့်အတူ မြန်မာလုပ်သား ၁၀၀၀ ကျော် အရှေ့အလယ်ပိုင်းနိုင်ငံများက ခေါ်ရန်ရှိ၊ အခြေခံလူတန်းစားများအတွက် အသေးစားချေးငွေလုပ်ငန်းများ တိုးချဲ့မည်၊ နေပြည်တော်ရှိ တောင်ပေါ်ဒေသများတွင် လက်ဖက် ဧက ၃၀၀၀ တိုးချဲ့စိုက်ပျိုးမည်၊ မိုင်းတွင်းစွန့်ပစ်ပစ္စည်းများမှ ဘေးထွက်ဆိုးကျိုးမရှိသည့် ချော်ရည်စမ်းသပ်ထုတ်လုပ်၊ နိုင်ငံခြားသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသူကို ဧည့်စာရင်းမတိုင်ဘဲ လက်ခံတည်းခိုခွင့်ပြုခဲ့သူအား အရေးယူ၊ မုန်တိုင်းရာသီ ရောက်ရှိလာတော့မည်ဖြစ်သောကြောင့် အများပြည်သူများအနေဖြင့် ရာသီဥတုသတင်းများ အထူးဂရုစိုက်နားထောင်ရန်လိုအပ် စသည့်ပြည်တွင်းရေးရာသတင်းများ၊ ဖူး၍မဝပါ… ဗုဒ္ဓဂယာ Myanmar DISCOVERY၊ ဒီမိုကရေစီအတွေးအမြင်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဒီမိုကရေစီနှင့် ဒီမိုကရေစီတည်ဆောက်ခြင်းတို့၏အနာဂတ် အထူးဆောင်းပါး၊ နွေပိတ်ရက်များ အကျိုးများစေချင်၊ သတိ အန္တရာယ်ရှိသည်၊ ရောင်းကုန်၊ သူ့ဘဝ သူ့ဒဿနကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

အမေရိကန်တွေ… ဆက်လုပ် အီရတ်ကျွမ်းကျင်သူဘရိုင်ယန်ကတ်တူလစ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ မြန်မာ အပါအဝင် ၂၈နိုင်ငံအထိ ဖြန့်ကြက်မည့် အမြန်ရထားလမ်း တရုတ်က တည်ဆောက်မည်၊ ခုနစ်နှစ်အရွယ်သမီးငယ်အား အစာငတ်ခံ၍ သေစေသည့်မိခင် ထောင်ဒဏ် ၁၅နှစ် ပြစ်ဒဏ်ကျ၊ လမ်းဘေးတွင်ရောင်းချနေသော လိင်နိုးဆွဆေးများ အသက်အန္တရာယ်ရှိ၊ ကြက်ဥ တစ်နေ့တစ်လုံးစားခြင်းက ကိုယ်အလေးချိန် လျှော့ချရာတွင် အထောက်အကူပြု၊ ဗြိတိန်စားသောက်ကုန်စက်ရုံမှ လုပ်သားများ အနိုင်ကျင့်စော်ကားခံနေရ၊ တရုတ်သတင်းစာဆရာများ အရည်အချင်းစစ် စာမေးပွဲဖြေရမည် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ တစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

၂၀၁၀ခုနှစ်၊ မတ်လ (၂၄)ရက်

နည်းသစ်တီထွင် အရှိန်မြှင့်တင်၊
တီဘီကင်းစင် မြန်ပြည်တစ်ခွင်

ON THE MOVE AGAINST TUBERCULOSIS
Innovate to accelerate action

ကျန်းမာရေးဝန်ကြီးဌာန

Myanmar ICT Exhibition 2010 ပြပွဲ Micro Computer ကုမ္ပဏီ ပါဝင်ပြသ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် Myanmar ICT Exhibition 2010 March ပြပွဲတွင် Micro Computer ကုမ္ပဏီက ပါဝင်ပြသလျက်ရှိရာ ယနေ့ခေတ်လူငယ်များနှင့် ကွန်ပျူတာ သုံးစွဲသူများအတွက် တရုတ်(တိုင်ပေ)လုပ် Memory Stick, External HDD, Memory Moudle နှင့် Memory Card များကို A-DATA အမှတ် တံဆိပ်ဖြင့် Keyboard, Mouse, Speaker, Web-CAM နှင့် Headset များကို Genius အမှတ်တံဆိပ်၊ Table များကို Chaungxiang အမှတ်တံဆိပ်ဖြင့် Micro Computer Co., Ltd. က တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည်။

A-DATA Stick များမှာ အခြား Stick များနှင့်မတူသော Program များ၊ Software များပါရှိပြီး ဖြစ်သည်။ ထို U-Format Program ဖြင့် Partition ခွဲပြီး သုံးနိုင်သည်။ Software ပိုင်းတွင်လည်း UFO to GO နှင့် HDD to GO Software တို့သည် Function အတူတူပင်ဖြစ်သည်။ ထို Software များသည် Internet Option တွင် Trace လိုက်နိုင်သော အရာများကိုဖျက်နိုင်သော "No Trace Browsing" Function ပါဝင်ခြင်း၊ MS Outlook နှင့် Window Mail တွင် ကွန်ပျူတာနှင့် Stick ကြား Synchronization လုပ်ပေးနိုင်ခြင်း၊ PC Lock တွင် အချိန်သတ်မှတ်ပြီး Lock ချထားနိုင်ခြင်း၊ Lost and Found Section တွင် မိမိ၏ Personal Details များကို ဖြည့်ထားနိုင်ခြင်းတို့ ပြုလုပ်နိုင်သည်။ OS to Go Software အသုံးပြုပြီး Window 7 နှင့် Window Vista များတွင် bootable အဖြစ် သုံးနိုင်သည်။

Chaungxiang Computer Table များမှာ Steel Frame ဖြင့် ပြုလုပ်ထားသောကြောင့် သာမန်ကြိတ်သား (MDF)များထက် ပိုမိုကြံ့ခိုင်ပြီး ယိုင်နဲ့သွားခြင်း၊ ချိုင့်ဝင်သွားခြင်းမဖြစ်ပါ။ Tempered Glass ကို အသုံးပြုထားသောကြောင့် မတော်တဆထိခိုက်မှုကို ကာကွယ်နိုင်သည်။ Computer စားပွဲအနေနှင့် သာမက ရုံးလုပ်ငန်းသုံးစားပွဲအနေဖြင့်လည်း အသုံးပြုနိုင်သလို ဈေးနှုန်းချိုသာစွာ အရည်အသွေးကောင်းမွန် စိတ်ချရကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မကွေး F.C ကို ဧယျာရွှေမြေ အနိုင်ယူ ရတနာပုံအသင်း ဥသျှောင်ကို နိုင်၍ သုံးမှတ်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

ရန်ကုန် မတ် ၂၀

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)နှင့် (၇)ကို ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့တွင်ဆက်လက်ကျင်းပရာ ဧယျာရွှေမြေအသင်းနဲ့ ရတနာပုံအသင်းတို့ နိုင်ပွဲတွေရရှိခဲ့ပါတယ်။

သုဝဏ္ဏကွင်း

ဧယျာရွှေမြေ- တစ်ဂိုး
မကွေး F.C - ဂိုးမရှိ

နှစ်သင်းတွေ့ဆုံတိုင်း မကွေး F.C ကို အနိုင်မရဖူးတဲ့ ဧယျာရွှေမြေအသင်းဟာ ရဲဝေယံစိုးရဲ့ ဂိုးနဲ့ အစဉ်အလာဆိုးတွေကိုချေဖျက်ပြသခဲ့ပါတယ်။ ဒီနေ့ပွဲ အနိုင်ရလဒ်ကြောင့် ဧယျာရွှေမြေအသင်းဟာ နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်နဲ့ အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နိုင်ခဲ့ပါတယ်။ ဧယျာရွှေမြေအသင်းရဲ့ကစားပုံဟာ ရတနာပုံအသင်း နဲ့ ပွဲလောက်မကောင်းခဲ့ဘဲ မကွေးအသင်းရဲ့ ဂိုးကံခေမှုကြောင့် နိုင်ပွဲရခဲ့တယ်လို့ ပြောလို့ ရပါတယ်။

ဖိကစားနိုင်

မကွေးအသင်းကတော့ ပွဲစကတည်းက အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သလို အသစ် ခေါ်ယူထားတဲ့ နိုင်ငံခြားသားတွေကလည်း အသင်းနဲ့အံဝင်အောင် ကစားနိုင်ခဲ့ပါတယ်။ မကွေးအသင်းဟာ ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပေမယ့် အပိုင်ဂိုးသွင်းခွင့်တွေ လွဲချော်ခဲ့တာ၊ ဒုတိယပိုင်းမှာ ရတဲ့ ပယ်နယ်တီကိုဝင်အောင် မသွင်းနိုင်ခဲ့တာတော့ မကွေး F.C နိုင်ပွဲဆက်ဖို့ အိပ်မက်တွေပျက်ပြယ်ခဲ့တာဖြစ်ပါတယ်။

ပွဲစကတည်းက မကွေးအသင်းဟာ အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့ပြီး အခွင့်အရေးတွေလည်း ရခဲ့ပါတယ်။ ပြည့်ဖြိုးဦး၊ အဘိုလာဂျီတို့ရဲ့ အပိုင်ကန်ချက်တွေကို ဧယျာရွှေမြေဂိုးသမား ညီညီလွင် ကာကွယ်နိုင်ခဲ့ပါတယ်။ ပထမပိုင်းမှာ ဧယျာရွှေမြေ ဂိုးသွင်းခွင့်နှစ်ကြိမ်သာရခဲ့ပြီး အဲဒီဂိုးသွင်းခွင့်တွေဟာလည်း ဂိုးရနိုင်တဲ့ အနေအထားတွေ ဖြစ်ပေမယ့် နိုင်စိုးဝေနဲ့ တောင်ကိုရီးယားကစားသမားကင်မ်တို့ အသုံးမချနိုင်ခဲ့ပါဘူး။ ကွင်းလယ်က ဆီဒွိဘင်ကစားသမားနှစ်ဦးနဲ့ ရာဇာဝင်းသိန်းတို့ ခြေမပေါ်တာကြောင့် ဧယျာရွှေမြေအသင်းဟာ ဒုတိယပိုင်းမှာလည်း မကွေးကို အသာမရခဲ့ပါဘူး။ ၅၂ မိနစ်မှာ မကွေးအသင်း ပယ်နယ်တီကန်ခွင့်ရပေမယ့် တိုက်စစ်မှူး ခိုင်ဇော်ထွန်းရဲ့ ကန်ချက်ကို ဂိုးသမား ညီညီလွင် လက်စွမ်းပြကာကွယ်နိုင်ခဲ့ပါတယ်။ အဲဒီပယ်နယ်တီမဝင်တာ မိနစ် ၈၀ မှ မကွေးက ချီအိုမာ အနီကတ်နဲ့ အထုတ်ခံခဲ့ရတာကတော့ ပွဲရဲ့အလှည့်အပြောင်းဖြစ်သွားပြီး အဲဒီနောက်ပိုင်းမှာ ဧယျာရွှေမြေ ဖိကစားနိုင်ခဲ့ပါတယ်။ ဧယျာရွှေမြေအတွက် အနိုင်ဂိုးကိုတော့ ၈၇ မိနစ်မှာ ရဲဝေယံစိုးက သွင်းယူပေးခဲ့ပါတယ်။ ပွဲပြီးခါနီးမှာ ဧယျာရွှေမြေ ကွင်းလယ်လူ အလက်ဇန္ဒား နှစ်ဝါ၊ တစ်နီနဲ့ အထုတ်ခံခဲ့ရ ပါတယ်။

ဗထူးကွင်း

ရတနာပုံ - တစ်ဂိုး
ဥသျှောင်ယူနိုက်တက် - ဂိုးမရှိ

အဖွင့်ပွဲမှာ မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ လက်ရှိချန်ပီယံ ရတနာပုံအသင်းရဲ့ ပထမဦးဆုံးနိုင်ပွဲဖြစ်ပြီး အနိုင်ဂိုးကို ၁၆ မိနစ်မှာ ကွင်းလယ်လူ ကိုနေးက သွင်းယူပေးခဲ့ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း
ဇွဲကပင်ယူနိုက်တက်-ရန်ကုန်ယူနိုက်တက်
ဗထူးကွင်း
မနော်မြေ F.C-ဆောက်သမ်းမြန်မာ

(မြန်မာ့အလင်း)



ဧယျာရွှေမြေမှ ဇော်လင်းထွန်း၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို မကွေးနောက်ခံလူနှင့် ဂိုးသမား မျိုးကျော်အောင်တို့ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol သည် ယမန်နေ့ညနေ ဖနာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေးနှင့် မြန်မာ့အလင်းပုံနှိပ်တိုက် စာတည်းမှူးချုပ် ဦးတင်မောင်သန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မူဆယ်၌ နှစ်ရှည်ပင်များ သဘာဝမြေသြဇာ အသုံးပြုရေး ဆွေးနွေးပွဲ ကျင်းပ

မူဆယ် မတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်)က ကြီးမှူး၍ နှစ်ရှည်ပင်များ သဘာဝမြေသြဇာအသုံးပြုရေး ဆွေးနွေးပွဲကို မူဆယ်ခရိုင်မန်နေဂျာရုံးတွင် မတ် ၁၃ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်) ခရိုင်မန်နေဂျာ ဦးသောင်းညွန့်က ဆွေးနွေးပွဲ ရည်ရွယ်ချက်၊ နှစ်ရှည်ပင်များ သဘာဝ မြေသြဇာကျွေးမွေးရေး အခြေအနေ၊ သဘာဝမြေသြဇာသုံးစွဲခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းပြသည်။ ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် စိုက်ပျိုးရေးလုပ်ငန်းရှင် ၂၅ဦးက သိလိုသည့် အကြောင်းအရာများကို ဆွေးနွေးမေးမြန်းရာ ခရိုင်မန်နေဂျာက ပြန်လည်ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

iLedger မြန်မာကွန်ပျူတာစာရင်းကိုင်စနစ် ဖြန့်ဖြူး

ရန်ကုန် မတ် ၂၀

စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုရလွယ်ကူသော iLedger မြန်မာစာရင်းကိုင်ကွန်ပျူတာစနစ်ကို iNTEGRA Systems Co.,Ltd မှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ကူညီဖြေရှင်းပေး

လက်စာရင်း (Manual) စနစ်တွင် အရောင်းဘောက်ချာတစ်စောင် ဖွင့်လိုက်သည်နှင့် ဂျာနယ်စာရင်း၊ လယ်ဂျာစာရင်းများကို အဆင့်ဆင့်ထည့်သွင်းရသည့်အတွက် မှားယွင်းမှုများရှိနိုင်ခြင်းနှင့် အကြွေးစာရင်း၊ အရှုံးအမြတ်စာရင်းများကို သိရှိနိုင်ရန် စာအုပ်ပေါင်းများစွာမှ ကူးယူတွက်ချက်ရသည့်အတွက် မိမိသိလိုသောစာရင်းကို အချိန်မီသိရှိနိုင်ရန် ခဲယဉ်းခြင်းများကို iLedger မြန်မာစာရင်းကိုင်ကွန်ပျူတာစနစ်က ကူညီဖြေရှင်းပေးမည်ဖြစ်သည်။ iLedger မြန်မာကွန်ပျူတာစာရင်းကိုင် ကွန်ပျူတာစနစ်သည် ဘောက်ချာ စတင်ဖွင့်လိုက်သည်နှင့် ဂျာနယ်စာရင်း၊ လယ်ဂျာစာရင်းများကို အလိုအလျောက် ထည့်သွင်းပေးသည့်အတွက် အမှားကင်းစင်သော အကြွေးစာရင်း၊ အကျိုးအမြတ်စာရင်းများကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ချက်ချင်းသိရှိနိုင်သောကြောင့် လုပ်ငန်းစီမံအုပ်ချုပ်ရာတွင် ပိုမိုထိရောက်စေမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

iLedger မြန်မာစာရင်းကိုင်ကွန်ပျူတာစနစ်သည် မြန်မာ၊ အင်္ဂလိပ်နှစ်မျိုးတွဲသုံးနိုင်ခြင်းနှင့် စာရင်းများကို လုံခြုံစွာသိမ်းဆည်းနိုင်သည့် အားသာချက်များ ပါဝင်သည်။ ထို့ပြင် ဝန်ဆောင်မှုအနေဖြင့် အသုံးပြုပုံရှင်းလင်းချက်စာအုပ်နှင့် CD အပြင် အခမဲ့ဝန်ဆောင်မှု နှစ်လနှင့် အသုံးပြုပုံသင်တန်းကိုလည်း လုပ်ငန်းခွင်အရောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၂-ဒီ ဖုန်း-၅၅၇၆၃၈၊ ၀၉-၅၁-၄၀၇၁၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည့်အပြင် မတ် ၁၉ရက်မှ ၂၁ရက်အထိ ရန်ကုန် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပလျက်ရှိသည့် Myanmar ICT Exhibition 2010 ပြပွဲ၌လည်း သွားရောက်လေ့လာဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဝဋ်ကျွတ်ရာမှန် မြတ်နိဗ္ဗာန်** တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
- ၆:၅၀ အံ့ဖွယ်တမူဆဒ္ဒန်ဂူ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၆)
- ၈:၃၀ Sports World(Sunday Special)
- ၈:၅၅ ဖြစ်ထွန်းအောင်မြင်... စိုက်ပျိုးဥယျာဉ်(ဒူးရင်း)
- ၉:၁၀ မြန်မာစက်မှုပြပွဲ ၂၀၁၀
- ၉:၃၅ Sunday Talk မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)
- ၁၀:၃၀ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
- ၁၀:၅၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၁၁:၀၅ Life Style of Yadanabon F.C
- ၁၁:၂၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၀)
- ၁၁:၅၀ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာ ချစ်သုဝေ)
- ၁၂:၂၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ...
- ၁၂:၃၅ မြန်မာစက်မှုပြပွဲ ၂၀၁၀
- ၁:၀၀ **ဝဋ်ကျွတ်ရာမှန် မြတ်နိဗ္ဗာန်** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (နာမည်ကြီးတာကောင်းတယ်၊ နာမည်မကြီးတာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၆)
- ၄:၂၅ ဖြစ်ထွန်းအောင်မြင်... စိုက်ပျိုးဥယျာဉ်(ဒူးရင်း)
- ၄:၄၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
- ၅:၀၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Milestones of Contemporary Music Selection
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် [၁၉၆၅ ခုနှစ်နောက်ပိုင်း စင်ထရယ်အထက(၁) လသာကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ]
- ၇:၁၀ ဈေးဝယ်လမ်းညွှန် (WAI DE ဖိနပ်စတိုး)
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (နာမည်ကြီးတာကောင်းတယ်၊ နာမည်မကြီးတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၆)
- ၁၀:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၀)
- ၁၀:၃၀ Barclays Premier League (Blackburn Vs Chelsea)
- ၁၂:၃၀ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာ ချစ်သုဝေ)
- ၁၂:၅၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ...
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Man Utd- Liverpool	ESPN(Live)
၁၀:၂၅	Blackburn -Chelsea	ESPN(Live)

မြန်မာ-တရုတ် ကောင်စစ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ သတ္တမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ကျင်းပမည့် မြန်မာ-တရုတ်ကောင်စစ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ သတ္တမအကြိမ် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာစွန်းတလိခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၆ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။



ဆွေးနွေးခဲ့

မြန်မာ-တရုတ် ကောင်စစ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ သတ္တမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၇ရက်နှင့် ၁၈ရက်တို့တွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ကျင်းပရာ**(အပေါ်ပုံ)** မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာစွန်းတလိတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံသားများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သက်ဆိုင်ရာအရာရှိများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြန်လည်ထွက်ခွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် News Watch ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၂၀

အက္ခရာနိမ့်၊ မော်ဒယ်မြင့်အလုံးချိန်းကားများ တရားမဝင်ဟု စက်မှု(၁)ဝန်ကြီးကပြောကြား၊ ကမ်းရိုးတန်းဖုန်းဆက်သွယ်အသုံးပြုနိုင်သည့်မြို့တိုင်းသို့ ငွေကျပ်ငါးသိန်းတန် CDMA 450 ဖုန်းများ မကြာမီချထားပေးတော့မည်၊ မိုင် ၆၀ အသုံးပြုနိုင်သည့် CDMA ဖုန်းများချထားပေးမည်၊ လက်ခစားအပ်ကုန်စနစ် လုပ်ငန်း ၃၀ ပိတ်သိမ်းခံရ၊ အနာဂတ်အသီးအပွင့်များ စာတတ်ရုံနှင့်ပြီးရောလား၊ တံတားတစ်စင်းအတွက် ငွေကျပ်သိန်း ၅၀လျှုဒါန်းသူ၊ ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒာဓိက (၂၅)ဝါပြည့် အထိမ်းအမှတ် ငွေကျပ်သိန်း ၄၀၀ ကျော်လျှုဒါန်း၊ ဂီတစာဆိုရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော် အမျိုးသားကဇာတ်ရုံမှာကျင်းပ၊ ကင်မရာဆိုင်ကြီးတချို့ အာမခံဝန်ဆောင်မှုကတ်အတုဖြင့်ရောင်းချနေ၊ ဘုရားပေါ်မှ စည်းကမ်းမဲ့ပန်းရောင်းသူများ၊ နိုင်ငံတကာအဆင့်မီ Smart Card ယာဉ်မောင်းလိုင်စင်များ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် စတင်ထုတ်ပေး၊ ရန်ကုန်မြို့ရေပိုက်လိုင်းများရေအလာနည်း၊ မတ် ၁၃ရက်က စာရေးဆရာ၊ ကဗျာဆရာများ၏ စာပေဟောပြောပွဲနှင့် ထူးခြားသောသရုပ်ဆောင်ပွဲ၊ သိန်းဖေမြင့်ရေးသားသော အမတ်ရူးများအကြောင်း ‘မင်းတိုင်ပင်’ဝတ္ထု၊ စင်မြင့်ဖျော်ဖြေပွဲတေးရေးခများ ညှိနှိုင်း၊ မိတ်ကပ်အထူးပြုလုပ်ချက်နှင့်နေတိုး၊ အိုးပုတ်ချိုးရပ်နှင့် နယ်ဈေးကွက်ကိုကိုင်လှုပ်သည့် မင်းသွေး၊ သွေးစုတ်ကောင်ဖြစ်သွားတဲ့ သတ္တိ၊ ဂျင်းနီနှင့် ဖက်ရှင်၊ ကိုရီးယားမင်းသမီး ပတ်ယီဂျင်(ညီအစ်မလေးဖော်)၊ ကိုရီးယားမင်းသား ပတ်ရှီဟို(ချယ်ရီတစ်ခက်)၊ တရုတ်စာတတ်ချင်သူများအတွက်။

အိုဘားမား အင်ဒိုနီးရှားသို့လာမည်၊ ကမ္ဘာ့ကုန်သွယ်မှုအဆောက်အအုံ အပျက်အစီးရှင်းသူများ ဒေါ်လာ ၄၃၇ သန်း လျော်ကြေးရရှိ၊ ပါလက်စတိုင်းတွေ ပိုဆွေးနွေးလေ ပိုရှုံးလေ၊ အဘီဆစ် ဝိဇ္ဇာဇီဝကို စောင့်ကြည့်ခြင်း၊ ထိုင်းနိုင်ငံ၏အနာဂတ် စသည်ဖြင့် ပြည်တွင်းရေး၊ နိုင်ငံတကာရေးရာများနှင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေလာစို့

● *ရှေ့ဖုံးမှ*

ပါဝင် သရုပ်ဆောင်ထားသူ အနုပညာရှင်တို့နှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

အမွှမ်းတင်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ရိုက်ကူးထားသည့် **''အလင်းရောင်''** ရုပ်မြင်သံကြား ဇာတ်လမ်းကို ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်)က အမွှမ်းတင် ရိုက်ကူးထားခြင်း ဖြစ်သည်။ ဇာတ်ညွှန်းက မြမြင့်မိုရ် ဖြစ်ပြီး နာမည်ကြီးသရုပ်ဆောင်ပေါင်းများစွာဖြင့် ပီပီပြင်ပြင် ရိုက်ကူးထားခြင်း ဖြစ်သည်။

''အလင်းရောင်'' ရုပ်မြင်သံကြား ဇာတ်လမ်းတွင် အချစ်၊ တပ်မတော်သားများ၏ဘဝ၊ငြိမ်းချမ်းမှုနှင့် မငြိမ်းချမ်းမှု၊ တိုက်ပွဲများ၊ သနားဖွယ်ရာ၊ တက်ကြွဖွယ်ရာနှင့် ရင်နင့်ဖွယ်ရာများကို ဇာတ်လမ်းဇာတ်အိမ် ခိုင်ခံ့စွာဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရိုက်ကူးထားခြင်းလည်း ဖြစ်သည်။

မြင့်မြတ်

''အလင်းရောင်'' ရုပ်မြင်သံကြားဇာတ်လမ်း၌ ပါဝင်သရုပ်ဆောင်သူများတွင် နာမည်ကြီး အနုပညာရှင်များစွာအနက် လူငယ်အနုပညာသရုပ်ဆောင်တစ်ဦးဖြစ်သူ မြင့်မြတ်နှင့် ရိုက်ကွင်းသို့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

''ဒီဇာတ်ကားမှာ ကျွန်တော်က ကေအင်န်ယူ အဖွဲ့ခေါင်းဆောင် စောဆေးဝါးအဖြစ် ပါဝင်သရုပ်ဆောင်ထားတယ်။ အရင်ကတော့ ဒီလို ဇာတ်ကောင်စရိုက်မျိုး သရုပ်ဆောင်ခဲ့ခြင်းတော့ မရှိပါဘူး။ အခု ကြိုတင်သိရှိရလို့ ကျွန်တော် ဆံပင်အရှည်ထားခဲ့တယ်။ အဝတ်အစားကအစ ပြင်ဆင်ခဲ့ပါတယ်။ စကားပြောဆိုမှု သဘာဝကျအောင် ဒေသခံတိုင်းရင်းသားတွေက ကူညီခဲ့ကြတယ်။ အခက်အခဲတော့မရှိပါဘူး'' ဟု သရုပ်ဆောင် မြင့်မြတ်က ပြောကြားသည်။

ပြောင်မြောက်စွာသရုပ်ဆောင်ထား

မြင့်မြတ်၏ ကေအင်န်ယူအဖွဲ့ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ထားမှုမှာ ပီပြင်သည်။ ဇာတ်ရုပ်ကို အံဝင်ခွင်ကျဖြစ်အောင်သရုပ်ဆောင်နိုင်သည်။ဇာတ်ဝင်ခန်းများ၌ မြင့်မြတ်၏ မူလပင်ကိုဟန်ပျောက်ပြီး ကေအင်န်ယူအဖွဲ့ခေါင်းဆောင် စောဆေးဝါးအဖြစ် ပြောင်မြောက်စွာ သရုပ်ဆောင်ထားနိုင်သည်ကိုလည်း မြင်တွေ့ရမည် ဖြစ်သည်။

''ကျွန်တော့်အနေနဲ့ တပ်မတော်နေ့ဂုဏ်ပြုကားအဖြစ် ၂၀၀၉ခုနှစ်က 'ထာဝရ' ရုပ်မြင်သံကြားဇာတ်လမ်းမှာ ပထမဆုံးအကြိမ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး အခု 'အလင်းရောင်' ရုပ်မြင်သံကြားဇာတ်လမ်းက ဒုတိယအကြိမ် ပါဝင်သရုပ်ဆောင်ခြင်းဖြစ်ပါတယ်။ အခုလို ပါဝင်သရုပ်ဆောင်တာကလည်း အရင်က အနုပညာရှင်တွေ နိုင်ငံတော်အကျိုးပြုဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့သလို ကျွန်တော်တို့ အလှည့်ကျတော့ ကိုယ်တတ်စွမ်းတဲ့ အနုပညာနဲ့ ပါဝင်ကူညီအားဖြည့်တဲ့ စိတ်နဲ့ဖြစ်ပါတယ်'' ဟု သရုပ်ဆောင်မြင့်မြတ်က ဆက်လက်ရှင်းပြသည်။

ပီပြင်လှ

မြင့်မြတ်က စောဆေးဝါးအဖြစ် သရုပ်ဆောင်ခန်းတွင် သူနှင့် ပြေတီဦး (ဖိုလ်မှူးရဲရင့်)တို့ အချေအတင် ပြောခန်းမှာ ပီပြင်လှသည်။ သဘာဝလည်းကျပြီး စကားလုံးများ ရွေးချယ်မှုလည်း ကောင်းမွန်ကြောင်း တွေ့ရသည်။

ထို့အတူ 'အလင်းရောင်' ရုပ်မြင်သံကြားဇာတ်လမ်းတွင် အင်ဂျင်နီယာ နုမြတ်ရွှေစင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် မိုးဟေကိုနှင့် ဆက်လက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

''ဒီဇာတ်ကားမှာ ကျွန်မက တပ်မတော်အရာရှိတစ်ဦးဖြစ်တဲ့ ဗိုလ်မှူး ခိုင်ဝင်း (ဟိန်းဝေယံ)ရဲ့ အစ်မအဖြစ် သရုပ်ဆောင်ရသလို ဗိုလ်မှူးရဲရင့် (ပြေတီဦး)ရဲ့ ချစ်သူအဖြစ်လည်းပါဝင်သရုပ်ဆောင်ထားပါတယ်။တပ်မတော်နေ့ ဂုဏ်ပြုဇာတ်ကားတွေအနေနဲ့ကတော့ ၂၀၀၉ ခုနှစ်က 'ထာဝရ' ဇာတ်ကားနဲ့ အခု 'အလင်းရောင်' ဇာတ်ကားတွေမှာပါဝင်ခဲ့ပါတယ်။ဒီလို ပါဝင် သရုပ်ဆောင်ရတာကလည်း ကိုယ့်ရဲ့ အနုပညာကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့သိရှိစေဖို့နဲ့ ပြည်သူတွေအတွက် အကျိုးပြုနိုင်မှုတစ်ခုခုပေးချင်လို့ပါပဲ'' ဟုသရုပ်ဆောင် မိုးဟေကိုက ရှင်းပြသည်။

ပိုင်နိုင်လှ

''အလင်းရောင်''ရုပ်မြင်သံကြားဇာတ်လမ်းတွင် နုမြတ်ရွှေစင်(မိုးဟေကို) သည် သံလွင်မြစ်ကူးတံတား တည်ဆောက်သည့် အင်ဂျင်နီယာအဖြစ် သရုပ်ဆောင်ထားမှုမှာ ပိုင်နိုင်လှသည်။ နိုင်ငံတော်က သင်ကြားပေးလိုက်သော အင်ဂျင်နီယာအတတ်ပညာဖြင့် အိပ်မက်တံတားများ လက်တွေ့တည်ဆောက်နိုင်မှု၊ မောင်ဖြစ်သူ ဟိန်းဝေယံ (ဗိုလ်မှူးခိုင်ဝင်း) ဒဏ်ရာရရှိသဖြင့် အမေဖြစ်သူ စိတ်ဆိုးကာ ချစ်သူ တပ်မတော်အရာရှိ ပြေတီဦး (ဗိုလ်မှူးရဲရင့်)နှင့် သဘောမတူမှု အခန်းများတွင် ပြောစကားများကလည်းကောင်းမွန်သည်။ ''တပ်မတော်သားတိုင်း တိုက်ပွဲမှာ သေရမှာလား၊ တပ်မတော်သားကို ချစ်မိတာ အပြစ်လား'' ဆိုသည့် ဇာတ်ဝင်ခန်းများကလည်း သရုပ်ဆောင်မှုပီပြင်လှသည်။

နိုင်ငံတော်အတွက် အကျိုးရှိ၊ ပြည်သူတွေအတွက်လည်း အကျိုးပြုနိုင်တဲ့အပြင် အနုပညာရှင် တစ်ဦးအနေဖြင့်လည်း သရုပ်ဆောင်ခွင့်ရှိတာမို့ အားရကျေနပ်ကြောင်း သရုပ်ဆောင် မိုးဟေကိုက ဆက်လက်ပြောကြားသည်။

ကျေနပ်ပီတိဖြစ်

တစ်ဖန် မြင့်မြတ်(စောဆေးဝါး) အသိတရားရရှိပြီး လမ်းမှန်ကို ရွေးချယ်ကာ အလင်းဝင်ရောက်ပြီးနောက် ကေအင်န်ယူအဖွဲ့ခေါင်းဆောင်ဖြစ်လာသူ သရုပ်ဆောင် မင်းထက် (စောမူဟဲ)ကိုလည်း တွေ့ဆုံမေးမြန်းခဲ့ရာ ''ကျွန်တော့်အနေနဲ့ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်ကားမှာ ပထမဆုံးအကြိမ်ပါဝင်သရုပ်ဆောင်ခဲ့ခြင်းပါပဲ။ နိုင်ငံတော်နဲ့ ပတ်သက်တဲ့ ဇာတ်ကားတစ်ခါမှ ပါဝင်သရုပ်ဆောင်ခွင့်မရခဲ့ဘူး။ အခုလို နိုင်ငံတော် အကျိုးပြုဇာတ်ကားမှာ တစ်ထောင့်တစ်နေရာကပါဝင်သရုပ်ဆောင်ခွင့်ရလို့ ကျေနပ်ပီတိ ဖြစ်ရပါတယ်'' ဟု ဖြေကြားသည်။

သရုပ်ဆောင် မင်းထက်သည် စောမူဟဲအဖြစ် ဝတ်စားဆင်ယင်ပုံ၊ သရုပ်ဆောင်ပုံနှင့် ပြောစကားများမှာ ပီပြင်လွန်းလှသည်။ သဘာဝကျပြီး အပိုအလိုမရှိအောင် ဇာတ်ရုပ်ကို နိုင်နင်းစွာ သရုပ်ဆောင်သွားနိုင်သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မင်းထက်သည် ကေအင်န်ယူ အဖွဲ့ခေါင်းဆောင် စောမူဟဲအဖြစ် သရုပ်ဆောင်ရာတွင် နောက်ဆုံးအချိန်အထိ ခံယူချက် လွဲမှားကာ အစွန်းရောက် အတွေးအခေါ်ခံစားမှုနှင့် ခံယူချက်များရှိသည့် စရိုက်ကို ပေါ်လွင်အောင် သရုပ်ဆောင်သွားနိုင်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု ထုတ်လွှင့်မည့် **''အလင်းရောင်''** ရုပ်မြင်သံကြားဇာတ်လမ်းကိုပြည်သူများအနေဖြင့် သရုပ်ဆောင်များစွာဖြင့် စိတ်တိုင်းကျ ကြည့်ရှုခံစားနိုင်ကြတော့မည်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

''အလင်းရောင်'' ရုပ်မြင်သံကြားဇာတ်လမ်း၌ ဤသို့သော ရင်ဆိုင်တိုက်ပွဲများကို တဝကြီးမြင်တွေ့ရမည်မှာ....။

တပ်မတော်သားတို့၏ စွန့်လွှတ် စွန့်စား တိုက်ပွဲများကလည်း ဤသို့ ချောင်းကိုဖြတ် မြစ်ကိုကျော်ကာ တာဝန်ထမ်းဆောင်ကြရမှုကလည်း....။



''ဒီဇာတ်ကားမှာ ကျွန်တော်က KNU အဖွဲ့ခေါင်းဆောင် စောဆေးဝါးအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်''
သရုပ်ဆောင် မြင့်မြတ်။

''ကိုယ့်ရဲ့အနုပညာကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့သိရှိစေဖို့နဲ့ ပြည်သူတွေအတွက် အကျိုးပြုနိုင်မှု တစ်ခုခု ပေးချင်လို့ပါ'' သရုပ်ဆောင် မိုးဟေကို။

''အခုလို နိုင်ငံတော် အကျိုးပြု ဇာတ်ကားမှာ သရုပ်ဆောင်ခွင့်ရလို့ ကျေနပ်ပီတိ ဖြစ်ရပါတယ်''
သရုပ်ဆောင်မင်းထက်။

မြင့်မြတ်(စောဆေးဝါး) (လယ်)**နှင့် မင်းထက်(စောမူဟဲ)** (ယာ) **တို့၏ သရုပ်ဆောင်မှုကလည်း ဤသို့....။**

''တပ်မတော်သားကိုချစ်တာ အပြစ်လား''ဆိုသည့် မိုးဟေကိုနှင့်အမေဖြစ်သူ မေသဥ္ဇာဦးတို့၏ ဇာတ်ဝင်ခန်းကလည်း သရုပ်ဆောင်မှု ထိမိလှသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မ

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကား

နေပြည်တော် မတ် ၂၀

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁/၂၀၁၀)[...] မတ် ၁၉ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ[...] ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ[...] တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

အစည်းအဝေး၌ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာ့ရိုးရာသ[...] ကျရောက်တော့မည်ဖြစ်ရာ သင်္ကြန်ပွဲတော်ကာလအတွင်း မော်တော်ယာဉ်နှင့် မော်တေ[...] စနစ်တကျမောင်းနှင်ရေး၊ မလိုလားအပ်သော ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုနှင့် ဒဏ်ရာရ၊ [...] တို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြို့နယ်အလို[...] အဖွဲ့များဖွဲ့စည်း၍ စီမံချက်များ ချမှတ်ကာ ကြိုတင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ [...] မြို့တွင်း ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် မြို့တွင်းပြေးယာ[...] မပြုစေဘဲ ယာဉ်လိုင်းအလိုက် အလှည့်ကျစနစ်ဖြင့်သော်လည်းကောင်း၊ ယာဉ်လိုင်းအ[...] သော်လည်းကောင်း ပုံမှန်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နေပြည်တော်[...] မော်တော်ဆိုင်ကယ်စီးနင်းသူများ အမှန်တကယ် စနစ်တကျ တတ်မြောက်ကျွမ်းကျင်[...] ရရှိစေရေး ယာဉ်မောင်းသင်တန်းကျောင်းနှင့် ဆိုင်ကယ်စီးသင်တန်းကျောင်းများ ဖွင့်လှစ်ပို့[...] အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြား[...]

ဖြည့်စွက်မှာကြား

ဆက်လက်၍ ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ကော်[...] အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းမှူးက [...] မှာကြားသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ည[...] ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

Myanmar ICT Exhibition 2010 ပြပွဲ၌ ရွှေလမင်းနဂါးကုမ္ပဏီမှပါဝင်ပြသ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ရက်မှ ၂၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် Myanmar ICT Exhibition 2010 ပြပွဲတွင် Myanmar ICT Survey 2009 အရ လူကြိုက်အများဆုံး Brand ဖြစ်သော Acer ၏ မြန်မာပြည် တရားဝင်ကိုယ်စားလှယ် ရွှေလမင်းနဂါး ကုမ္ပဏီက နောက်ဆုံးပေါ် နည်းပညာများဖြင့် အရည်အသွေးမြင့် ဖန်တီးထားသော Acer 3D Notebook၊ Acer Touch Screen Notebook များနှင့် Acer LCD Monitor များ၊ Acer Projector [...] ပြသထား[...]

ဝယ[...] အထူးေ[...] များပေး[...] Monito[...] Disk နှ[...] နေ့စဉ်ကံ[...] များ ပေ[...] သည်။

■ *ကျောဖုံးမှ*

အဆိုပါ ဟိုတယ်၌ မီကျောင်းဖမ်းသူ၏ အမည်ကို ထုတ်ဖော်ကြေညာခြင်း မပြုသော်လည်း မီကျောင်းဖမ်းပွဲ မကြာခဏ ပြုလုပ်ပေးခြင်းကြောင့် ဟိုတယ်မှာ လူသိများ ကျော်ကြားလာသည်။

(အင်တာနက်)

■ *ကျောဖုံးမှ*

၂၀၀၉ခုနှစ် မေ၃၀ရက်က ဖွင့်လှစ်ခဲ့သည့် နေပြည်တော်လယ်ဝေး မြို့နယ် နန္ဒင်းကျေးရွာအနီးရှိ မဒန်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၂၂ခုမြောက် ဆည်မြောင်းစီမံကိန်းကြီးတစ်ခုလည်း ဖြစ်သည်။

မဒန်းချောင်းပေါ်၌ မြေသားတမံတည်ဆောက်ထားပြီး ပင်မတမံမှာ အမြင့် ၁၀၁ပေ၊ အလျား ၈၃၀၅ပေရှိကာ အမြင့်ပေ ၃၀ရှိသည့် ကုန်းကြောတမံလေးခုမှာ အလျားပေ ၁၈၅၀ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ခြောက်ပေ X လေးပေ ရေတံခါး ပေါက်ပါရှိပြီး အလျားပေ ၇၉၀ရှိသည်။ ကန်ရေပြည့် ရေလှောင် ပမာဏဧကပေ ၃၆၅၀၀ရှိကာ လယ်မြေဧက ၈၀၀၀ကိုဆည်ရေပေးဝေနိုင်ပြီဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာ

မဒန်းရေလှောင်တမံကြောင့် ဒေသခံတောင်သူများမှာ မိုးတွင်းကာလ ရာသီဥတု အခြေအနေမပေးခဲ့လျှင် မိုးစပါးအတွက် ဖြည့်စွက်ရေ ပေးနိုင်မည့်အပြင် နွေစပါးကိုပါ ရေအတွက် နောက်ဆံမတင်း စိုးရိမ်မကင်း မဖြစ်ရဘဲ စိုက်ပျိုးနိုင်ကြပြီဖြစ်ကာ ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာကာ တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်လာပြီး ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများမှာလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

...ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအစည်းအဝေး
...လ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၂၀

...ည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁/၂၀၁၀)ကြိမ်မြောက် အစည်းအဝေးကို ...ရီခွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ...း ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ...ကား ပြောကြားသည်။

ရှင်းလင်းပြောကြား

...င်းမှူးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလ မကြာမီ ... သင်္ကြန်ပွဲတော်ကာလအတွင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စည်းကမ်း ...ိုလားအပ်သော ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုနှင့် ဒဏ်ရာရ၊ သေဆုံးမှုများ မဖြစ်ပွားစေရေး ... လမ်းစည်းကမ်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြို့နယ်အလိုက် စည်းကမ်းထိန်းသိမ်းရေး ...ျား ချမှတ်ကာ ကြိုတင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကာလအတွင်း ... လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် မြို့တွင်းပြေးယာဉ်လိုင်းများကို ပိတ်သိမ်းခြင်း ...က် အလုည့်ကျစနစ်ဖြင့်သော်လည်းကောင်း၊ ယာဉ်လိုင်းအားလုံးက အချိုးကျစနစ်ဖြင့် ...ဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ၊ ...ူများ အမှန်တကယ် စနစ်တကျ တတ်မြောက်ကျွမ်းကျင်၍ ယာဉ်မောင်းလိုင်စင်များ ...တန်းကျောင်းနှင့် ဆိုင်ကယ်စီးသင်တန်းကျောင်းများ ဖွင့်လှစ်ပို့ချနိုင်ရန် လုပ်ဆောင်နေမှုကို ...က်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဖြည့်စွက်မှာကြား

...အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ကော်မတီ၊ ဆပ်ကော်မတီများနှင့် ...တသူများက အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်

...ူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၄နာရီ ၄၅ မိနစ်တွင် ...င်းရရှိသည်။ **(သတင်းစဉ်)**

...T Exhibition 2010 ပြပွဲ၌ ...နဂါးကုမ္ပဏီမှပါဝင်ပြသ

...ရလမ်းရှိ ...၁၉ရက်မှ ...သလျက် ...Exhibi- ...mar ICT ...လူကြိုက် ...ာ Acer ...ကိုယ်စား

လှယ် ရွှေလမင်းနဂါး ကုမ္ပဏီက နောက်ဆုံးပေါ် နည်းပညာများဖြင့် အရည်အသွေးမြင့် ဖန်တီးထားသော Acer 3D Notebook၊ Acer Touch Screen Notebook များနှင့် Acer LCD Monitor များ၊ Acer Projector များကို စုံလင်စွာ ခင်းကျင်းပြသထားသည်။ **(အောက်ပုံ)**

လက်ဆောင်

ဝယ်ယူအားပေးသူများအတွက် အထူးလျှော့ဈေးနှင့် လက်ဆောင်များပေးမည့်အပြင် Acer LCD Monitor, Acer External Hard Disk နှင့် Memory Stick များကို နေ့စဉ်ကံစမ်းမဲဖောက်၍ လက်ဆောင်များ ပေးအပ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

...ကာယ်၌ ...ည်ကို ...မပြု ...ဖမ်းပွဲ ...းခြင်း ...သီများ ...၁နက်)

...ရက်က ဖွင့်လှစ်ခဲ့သည့် နေပြည်တော်လယ်ဝေး ...နီးရှိ မဒန်းရေလှောင်တမံသည် နိုင်ငံတော်၏ ...းစီမံကိန်းကြီးတစ်ခုလည်း ဖြစ်သည်။ ...မြေသားတမံတည်ဆောက်ထားပြီး ပင်မတမံမှာ ...း ၈၃၀၅ပေရှိကာ အမြင့်ပေ ၃၀ရှိသည့် ... အလျားပေ ၁၈၅၀ရှိသည်။ ရေထုတ်ပြွန်မှာ ...စားဖြစ်ကာ ခြောက်ပေ X လေးပေ ရေတံခါး ...ပေ ၇၉၀ရှိသည်။ ကန်ရေပြည့် ရေလှောင် ...ကာ လယ်မြေဧက ၈၀၀၀ကိုဆည်ရေပေးဝေ

ဖွံ့ဖြိုးတိုးတက်လာ

...ကြောင့် ဒေသခံတောင်သူများမှာ မိုးတွင်းကာလ ...ပေးခဲ့လျှင် မိုးစပါးအတွက် ဖြည့်စွက်ရေ ...ကိုပါ ရေအတွက် နောက်ဆံမတင်း စိုးရိမ်မကင်း ...ပြီဖြစ်ကာ ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု ...ူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်လာပြီး ပြည်သူ ...ရေးလုပ်ငန်းများမှာလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ...စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

(၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၇ရက်၊ အဖိတ်နေ့)
၂၁-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ ကျန်းမာဖို့အတွက်စားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
- ၈:၂၅ ၇။ (၆၅) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ Connect with English (Episode-34) (A Call for Help)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ (၆၅) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၈၂)
- ၁၂:၃၀ ၄။ Golf Magazine (TV)
- ၁၂:၅၀ ၅။ **စစ်သွေးသစ္စာ** ညွှန့်ဝင်း၊ မင်းဟိဏ်း၊ လူမင်း၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင် [ဒါရိုက်တာ- မောင်မျိုးမင်း (ရင်တွင်းဖြစ်)]
- ၁၄:၅၅ ၆။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်း ပြိုင်ပွဲဆုရတေးများ
- ၁၅:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Cup(2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဇွဲကပင်ယူနိုက်တက်FC နှင့် ရန်ကုန်ယူနိုက်တက် FC)**
- ၅:၄၅ ၂။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် Bugs Adventures (အပိုင်း-၅)
- ၆:၃၅ ၆။ တစ်မျက်နှာ တစ်ကွက်စာ **မုန့်နှစ်ပွဲ** ရဲသီဟကို၊ လှိုင်သဇင်ဖြူ၊ ခင်ခင်ကြီး၊ အေးချမ်းမိုး [ဒါရိုက်တာ-မေတင်(MMG)]
- ၇:၀၀ ၇။ **အဖေတူသား** (ပထမပိုင်း) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဥ္ဇာဦး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **အဖေတူသား** (ဒုတိယပိုင်း) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဥ္ဇာဦး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၂။ **ရုပ်သံကြော်ငြာများ**

ဂန္ထဝင် ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲ

အနုပညာသတင်း	-	မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း	-	တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	-	ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

အမျိုးသား ကဇာတ်ရုံတွင် ပရိသတ်များ စည်ကားနေသည်။ ကျယ်ဝန်းသော ခန်းမဖြစ်သော်လည်း ထိုင်ခုံများ နေရာလွတ်မရှိအောင် ပြည့်နေသည်။ ဂန္ထဝင်ဂီတ စာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲ၏ အထူးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ

"အာဘ သီဆိုဖျော်ဖြေတာကလည်း ဆရာကြီး ရွှေတိုင်ညွန့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဖြစ်ပါတယ်" ဦးမင်းနောင် ဂီတအနုပညာရှင်။

အမျိုးသားကဇာတ်ရုံ၌ မတ်၁၉ရက် ညနေ ၆နာရီ၌ ကျင်းပခဲ့သည်။

မြတ်နိုး

အမျိုးသားကဇာတ်ရုံအတွင်း ပြည့်လျှံနေသော ပရိသတ်ကြီးကို ကြည့်ရင်း မြန်မာဂန္ထဝင် ဂီတအပေါ် ချစ်မြတ်နိုးကာ အားပေးနေသည့် ပရိသတ်များ ခိုင်ခိုင်မာမာ ရှိနေမြဲ လှိုက်လှိုက်လှဲလှဲ နားဆင် ခံစားနေကြဆဲဖြစ်သည်ကို ကြည်နူးစိတ်ဖြစ်ရသည်။ မြန်မာ့ရိုးရာဂီတသည် မြန်မာပရိသတ်၏ စိတ်နှလုံးကို ညို့ယူဖမ်းစားနိုင်မှုမှာ နှစ်ပေါင်းများစွာကပင် ရှိခဲ့သည်။ ဆက်လက်ပြီးလည်း ပြည်သူများအကြား လွှင့်ပျံ့နေဦးမည် ဖြစ်သည်။

ပါဝင်

ဂန္ထဝင် ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲ၏ အထူးပြပွဲတွင် ဂီတပညာရှင်ကြီးများ၊ သက်လတ်ပိုင်း ဂီတအနုပညာရှင်များနှင့် လူငယ်ဂီတ အနုပညာရှင်များက အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ အင်ပါယာတေးဂီတအဖွဲ့တို့နှင့် ပူးပေါင်းကာ မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်သွားခဲ့ကြသည်။ ဂန္ထဝင် ဂီတစာဆိုတော်ကြီးရွှေတိုင်ညွန့်၏ တေးသီချင်းစာသားများနှင့် သံစဉ်များက ပရိသတ် ကြီးကို အနုပညာရသ ခံစားမှု အပြည့်အဝ ပေးနိုင်ခဲ့သည်။

အင်တိုက်အားတိုက်

အမျိုးသား ကဇာတ်ရုံအတွင်း ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့သည့် ဂီတဖျော်ဖြေပွဲတွင် စာဆိုတော် ရွှေတိုင်ညွန့်ကိုယ်တိုင် ရေးစပ်သီကုံးခဲ့သော တေးသီချင်းများစွာ အနက်မှ စနစ်တကျ ရွေးချယ်ထားသော သီချင်းများ ဖြစ်သည်။ ဂီတအနုပညာရှင်များက သီဆိုမှုအပြင် တေးသီချင်း သရုပ်ဖော်မှုများလည်း ပါဝင်ဖျော်ဖြေခဲ့သဖြင့် ပရိသတ်များ အကြိုက်တွေ့ခဲ့ကြသည်။ ပါဝင် သီဆိုခဲ့သော နာမည်ကြီး အဆိုတော်များမှာ ဦးမင်းနောင်၊ ဦးမောင်မောင်ကြီး၊ ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ ဒေါ်တင်တင်မြ၊ ထား၊ ခင်ညွန့်ရီ၊ ချိုပြုံး၊ စိမ်းမို့မို့၊ ကော်နီ၊ စိုးစန္ဒာထွန်း၊ ဟေမာနေဝင်း၊ အိတိုးစသည်တို့က အင်တိုက်အားတိုက် ဖျော်ဖြေတင်ဆက်သွားကြသည်။

ဖျော်ဖြေ

ဂန္ထဝင် ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲတွင် တေးသီချင်း ပါဝင်သီဆိုခဲ့သည့် ဂီတအနုပညာရှင် ဦးမင်းနောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "အာဘက 'ဟင်္သာကိုးသောင်း' နဲ့ 'ထူးတဲ့အချစ်' သီချင်းတွေ သီဆိုခဲ့တာပါ။ 'ဟင်္သာကိုးသောင်း' သီချင်းကို အရင်က ဒေါ်စိန်ပါတီက သီဆိုခဲ့တာဖြစ်ပြီး ရှားပါးတဲ့ သီချင်းပါပဲ။ အာဘလည်း အတော်လေး လေ့ကျင့်သီဆိုခဲ့ရတယ်။ အဲဒီသီချင်းကို အာဘ တစ်ကြိမ်မျှ မဆိုခဲ့ဖူးပါဘူး။ 'ထူးတဲ့အချစ်' သီချင်းကိုတော့ အရင်က ဂီတာဦးစိမ်းမောင် သီဆိုခဲ့တာပါ။ အခုလို အာဘ သီဆိုဖျော်ဖြေတာကလည်း ဆရာကြီး ရွှေတိုင်ညွန့်ကို ဂုဏ်ပြုတဲ့ အနေနဲ့ ဖြစ်ပါတယ်"ဟု ပြောပြသည်။

ဂန္ထဝင် ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ် (၁၀၀)ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မစံပယ်၏ သီဆိုဟန်။ (မြန်မာ့အလင်း)

"အာဘဆိုခဲ့တဲ့ သီချင်းတွေက အရင်ကတည်းက သီဆိုခဲ့ဖူးတာမို့ အခက်အခဲတော့ မရှိပါဘူး" ဦးမောင်မောင်ကြီး ဂီတအနုပညာရှင်။

ဂီတအနုပညာရှင် ဦးမင်းနောင်မှာ လက်ရှိ၌ အသက် ၈၀ အရွယ်ရှိပေပြီ၊ သီချင်းဆို သက်တမ်း ၆၃နှစ် ခန့်ရှိပြီဖြစ်သော်လည်း ရွှေတိုင်ညွန့် ရေးသားခဲ့သည့် 'ဟင်္သာကိုးသောင်း' သီချင်းကို တစ်ကြိမ်မျှ မဆိုခဲ့ဖူးအောင် ရှားပါးသည့် သီချင်းပင်ဖြစ်သည်။

ကြုံခဲ့

ဆက်လက်ပြီး ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ အထူးပွဲတွင် ပါဝင်သီဆိုဖျော်ဖြေခဲ့သည့် ဂီတအနုပညာရှင် ဦးမောင်မောင်ကြီး ကလည်း "ဒီလိုပွဲမျိုးက တစ်သက်မှာ တစ်ကြိမ်သာ ကြုံခွင့်ရတာပါ။ နှစ် (၁၀၀) ဆိုတာ ဘယ်နည်းနဲ့မှ နှစ်ကြိမ်ဆုံဖို့ မဖြစ်နိုင်ပါဘူး၊ဒါကြောင့် ဆရာကြီး ရွှေတိုင်ညွန့်ရဲ့ နှစ်(၁၀၀) ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲမှာ ကိုယ်တတ်တဲ့ ပညာနဲ့ ဂုဏ်ပြုခြင်းလည်း ဖြစ်ပါတယ်။ ဒီလိုပွဲမျိုး ဖြစ်အောင် စီစဉ်တဲ့ ရွှေတိုင်ညွန့်ရဲ့ မိသားစုနဲ့ အလင်္ကာဝတ်ရည် မိသားစုတို့ကိုလည်း ကျေးဇူးတင်ရမှာပါပဲ။ အာဘဆိုခဲ့တဲ့ သီချင်းတွေက အရင်ကတည်းက သီဆိုခဲ့ဖူးတာမို့ အခက်အခဲတော့မရှိပါဘူး" ဟု ပြောပြသည်။

သီဆိုခဲ့

ဂီတအနုပညာရှင် ဦးမောင်မောင်ကြီး ယခုပွဲ၌ သီဆိုဖျော်ဖြေခဲ့သည့် သီချင်းများမှာ 'စကြာသိုက်' သီချင်းနှင့် 'အင်္ဂုလိမာလ' သီချင်းများ ဖြစ်သည်။ 'စကြာသိုက်' သီချင်းမှာ ယခင်က ရုပ်ရှင်သရုပ်ဆောင် ခင်မောင်ရင် သီဆိုခဲ့ခြင်းဖြစ်ပြီး 'အင်္ဂုလိမာလ' သီချင်းမှာ ယခင်က ဒေါ်ကြည်အောင် သီဆိုခဲ့ခြင်းဖြစ်သည်။

ဂန္ထဝင် ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့်နှစ်(၁၀၀)ပြည့် ဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ယဉ်ဝေယံထွန်းက ဤသို့ ဖျော်ဖြေတင်ဆက်ခဲ့သည်။ (မြန်မာ့အလင်း)

ဂန္ထဝင် ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့်နှစ် (၁၀၀)ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲတွင် ဂီတအနုပညာရှင်များဖြစ်ကြသည့် ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်)က 'သုံးရောင်ခြယ်'၊ရွှေတိုင်ညွန့်၏သမီးဖြစ်သူ ထားက 'မိဘမေတ္တာ'၊ ချိုပြုံးက 'ဇော်ဆိုဇော်ပဲ'၊ စိမ်းမို့မို့က 'ယောဆရာ'၊ ကော်နီက 'တောခလေး'၊ စိုးစန္ဒာထွန်းက 'ပဒ္မင်းအမ'၊ ဟေမာနေဝင်းက 'မချစ်ဘဲမနေနိုင်'၊ ရွှေတိုင်ညွန့်၏ မြစ်ဖြစ်သူ အိတိုးက 'လသာတဲ့ည' စသည့် သီချင်းများ အပါအဝင် ဂီတ အနုပညာရှင်များစွာတို့က မြိုင်ဆိုင်စွာ သီဆိုဖျော်ဖြေခဲ့ရာ ပရိသတ်များ ကျေနပ်ပီတိဖြစ်ခဲ့ကြရပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

အာရှခရစ်ကက်ကောင်စီ (ACC) ကိုယ်စားလှယ်များ ရောက်ရှိ

ရန်ကုန် မတ် ၂၀

မြန်မာ့ခရစ်ကက်အားကစား ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန်အတွက် အာရှခရစ်ကက်ကောင်စီ (ACC) မှ ကိုယ်စားလှယ်များဖြစ်ကြသော Chief Executive Officer, Mr. SYED ASHRAFUL HUQ ၊ Development Manager, Mr. BANDUL WORNAPURA နှင့် Country Development Officer (Myanmar) Mr. AMINUL ISLAM တို့ သုံးဦးသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေးညှိနှိုင်း

ACC မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များသည် ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ရုံးခန်းမ၌ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ တည်ဆောက်လျက်ရှိသော နိုင်ငံတကာအဆင့်မီ ခရစ်ကက်အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းစနစ်ပိုင်းများကိုလည်းကောင်း ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ACC ကိုယ်စားလှယ်များအား ည၇နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ပိုင်လင်း Restaurant ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့အလှကို ပိုမိုတောက်ပစေမည့် သီးသန့်ဆိုင်ကယ်ယာဉ်လမ်းသတ်မှတ်ပေးမည်

➤ သတင်းခရီးသည်-မောင်ချစ်ကြည် ➤ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၀

ပျားပန်းခပ်မျှ များပြားသည့် ဆိုင်ကယ်များ....။

လူငယ်၊ လူကြီးအားလုံးနီးပါး ဆိုင်ကယ်ကိုယ်စီဖြင့် ဥဒဟိုသွားလာနေကြသည်။ သစ်လွင်တောက်ပသော တိုက်တာအဆောက်အအုံများ၊ ကျယ်ပြန့်ညီညာသန့်ရှင်းသော လမ်းများနှင့်အတူ နေရာတိုင်း ဆိုင်ကယ်များဖြင့် သွားလာနေမှုက စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည့် တောင်ကြီးမြို့မြင်ကွင်းကို လှစ်ဟပြနေသကဲ့သို့ ရှိနေသည်။

တောင်ကြီးမြို့ လမ်းတိုင်းပေါ်တွင် မော်တော်ဆိုင်ကယ်များ ဖွေးဖွေးလှုပ်အောင် စီးနင်းသွားလာနေကြသော်လည်း ဆိုးရွားသော ယာဉ်မတော်တဆဖြစ်မှု အလွန်နည်းပါးကြောင်းသိရသည်။တောင်ကြီးမြို့ ရောက်ရှိစဉ် ဆိုင်ကယ်စီးနင်းသူများအတွက် ယာဉ်လမ်းသီးခြား သတ်မှတ်ပေးမည် ဟူသော သတင်းကြားသိခဲ့ရသည်။

ထို့ကြောင့် ဆိုင်ကယ်စီးနင်းသူများအတွက် ယာဉ်လမ်းသီးခြားသတ်မှတ်ပေးရန် စီစဉ်နေမှုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး (ယာဉ်ထိန်း)တင့်စိုးရှိန်နှင့် တွေ့ဆုံကာ သိလိုသည့်အချက်များကို မေးမြန်းခဲ့ ပါသည်။

“ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားမှု လျော့နည်းသွားစေဖို့နဲ့ ယာဉ်မတော်တဆမှုကြောင့် လူသားအရင်းအမြစ်တွေ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မော်တော်ဆိုင်ကယ်များမောင်းနှင်သွားလာဖို့အတွက် ယာဉ်လမ်းသီးသန့်ထားရှိပေးဖို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ကြီးကြပ်မှု၊ အဖွဲ့အစည်းအဆင့် ဆင့်ရဲ့ တာဝန်ပေးမှုတွေကြောင့် အခုလို ဆိုင်ကယ်လမ်းကြောင်းများ သတ်မှတ်ပေးဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်”ဟု ဒုတိယရဲမှူး (ယာဉ်ထိန်း)တင့်စိုးရှိန်က ပြောပြသည်။

မြို့အင်္ဂါရပ်

တောင်ကြီးမြို့တွင် နေထိုင်သည့် ပြည်သူများ ယာဉ်မတော်တဆအန္တရာယ်ကင်းဝေးစေရန်နှင့်စနစ်တကျ ယာဉ်သွားလာမှုရှိစေရန်အပြင် မြို့အင်္ဂါရပ်နှင့်လည်း ညီညွတ်စေရေးတို့အတွက် ဆိုင်ကယ်နှင့် မော်တော်ယာဉ် လမ်းကြောင်းများ သတ်မှတ်ခြင်းတို့မှာ မှန်ကန်သော ဆောင်ရွက်မှုပင် ဖြစ်သည်။

“ဒီလို ဆိုင်ကယ်လမ်းနဲ့ မော်တော်ယာဉ်လမ်းကြောင်းတွေ မသတ်မှတ်ခင်မှာ ကျွန်တော်တို့အနေနဲ့ အသိပညာပေးခြင်း၊ ယာဉ်ရှင်း၊ လမ်းရှင်းဆောင်ရွက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းဆိုပြီး အဆင့်သုံးဆင့် သတ်မှတ်ထားပါတယ်။ အခုချိန်မှာ အသိပညာပေးခြင်းအဆင့်ကို စတင်ဆောင်ရွက်နေပါပြီ။ ဒီလိုအသိပညာပေးခြင်းကို တောင်ကြီးမြို့ရဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက်မှာ ပြုလုပ်နေပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

တောင်ကြီးမြို့တွင် ဆိုင်ကယ်စီးနင်းသွားလာမှုအများဆုံးလမ်းမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းဖြစ်သည်။ အသိပညာပေးမှုအဖြစ် သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ဖြင့် ပူးပေါင်းကြပ်မတ်မှု ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေအတွင်း ကြိုတင်အသိပေးမှုများ ဆောင်ရွက်ခြင်း၊ တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းဘေးဝဲယာရှိ အဆောက်အအုံများ၊ ဈေးဆိုင်ပိုင်ရှင်များ၊ မန်နေဂျာများ၊ တာဝန်ခံများအား လိုက်လံကြိုတင်အသိပေးထားခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် ယာဉ်များ၊ ဆိုင်ကယ်များ ရပ်နားမှုမရှိစေရန် အသံချဲ့စက်ဖြင့် ကြိုတင်အသိပေးထားခြင်း၊ လမ်းဘေးဝဲယာတွင် ရတ်တရက်ရပ်နားနိုင်သည့် နေရာများ၌ Road Sign များထားရှိ သတိပေးထားခြင်း၊ လမ်းဘေးဝဲယာများသို့ လာရောက်ရပ်နားသော ဆိုင်ကယ်များကို အသိပေးဖယ်ရှားပြီး ရပ်နားမှုမရှိစေခြင်း၊ အနီးဆုံး ရပ်နားရန် နေရာများကို လမ်းညွှန်ခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

“ပထမဆုံးအနေနဲ့ ဗိုလ်ချုပ်လမ်းကို အပိုင်းသုံးပိုင်းခွဲခြားသတ်မှတ်ပြီး ဆိုင်ကယ်စီးနင်းလမ်း သတ်မှတ်မှာ ဖြစ်ပါတယ်။ အဲဒီလမ်းအပိုင်းတွေကတော့ ယဉ်ကျေးမှုပြခန်းမှ အသေးစားငွေချေးဌာနနှင့် မြို့မဈေးမီးပွိုင့်အထိ တစ်မိုင်ကိုလမ်းတစ်ပိုင်း၊ မြို့မဈေးမီးပွိုင့်မှမင်းကွန်းကွေ့အထိ လမ်းအရှည်တစ်မိုင်ကို အပိုင်းတစ်ပိုင်း၊ မင်းကွန်းကွေ့မှ မြေပုံကြီးအထိ တစ်မိုင်အရှည်ရှိတဲ့ လမ်းပိုင်းတစ်ပိုင်းဖြစ်ပါတယ်။ အဲဒီလမ်းပိုင်း သုံးပိုင်းမှာ ပထမဆုံးယဉ်ကျေးမှုပြခန်း၊ ကျားခေါင်းခန်းမမှ ဘဏ်မီးပွိုင့်အပိုင်းကို ဆိုင်ကယ်စီးလမ်း သတ်မှတ်ပေးမှာ ဖြစ်ပါတယ်”ဟု ဆက်လက်ရှင်းပြသည်။

တောင်ကြီးမြို့တွင် ဆိုင်ကယ်စီးနင်းသွားလာသူများ ဤသို့ တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။ (မြန်မာ့အလင်း)

“ယာဉ်မတော်တဆမှုတွေ လျော့နည်း ပပျောက်သွားစေဖို့အတွက် ဆိုင်ကယ်စီး ယာဉ်လမ်းပြုလုပ်ပေးဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်”

ဒုတိယရဲမှူး တင့်စိုးရှိန်
ရှမ်းပြည်နယ်(တောင်ပိုင်း)
ယာဉ်ထိန်းရဲတပ်ဖွဲ့

စည်းကမ်းနှင့်အညီ

တောင်ကြီးမြို့တွင် ဆိုင်ကယ်စီးယာဉ်လမ်း သီးခြားသတ်မှတ်ပေးမှုလုပ်ငန်း၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ဆိုင်ကယ်စီးယာဉ်လမ်း သီးခြားသတ်မှတ်မှု မပြုမီ ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းခင်းပြုပြင်ခြင်း၊ ဆေးရေးအမှတ်အသား (ဆိုင်ကယ်ပြေးလမ်း၊ ဖြူ၊ နီကြား)များအား ရေးဆွဲခြင်း၊ ဆိုင်ကယ်လမ်းဟု သီးခြားသတ်မှတ်ပြီးပါက ယာဉ်ထိန်းတပ်ဖွဲ့မှ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များအား စည်းကမ်းနှင့်အညီ နေ့စဉ် ကြပ်မတ်သွားမည်ဖြစ်သည်။

အစီအမံ

ထိုသို့ ဆိုင်ကယ်လမ်းကို စနစ်တကျ သတ်မှတ်ပြီး မောင်းနှင်ခြင်းဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်သွားမည်ဖြစ်ရာ ကောင်းမွန်သည့် အစီအမံပင်ဖြစ်သည်။ အေးမြနေသော တောင်ကြီးမြို့ ညနေချမ်းတွင် မြို့တွင်းကားလမ်းများပေါ်၌ ဆိုင်ကယ်များ ဥဒဟိုသွားလာလျက်။ သို့သော် မကြာမီ အချိန်အတွင်း တောင်ကြီးမြို့၌ ဆိုင်ကယ်သီးသန့် မောင်းနှင်စီးနင်းမှု ယာဉ်လမ်းများ ထွက်ပေါ်လာတော့မည်ကို တွေးရင်း ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကာ တောင်ကြီးမြို့အလှကို ပိုမိုတောက်ပလာစေတော့မည်ဟု မြင်ယောင်နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

အေးမြနေသော တောင်ကြီးမြို့ ညနေချမ်းတွင် မြို့တွင်းကားလမ်းများပေါ်၌ ဆိုင်ကယ်များ ဥဒဟိုသွားလာလျက်။ သို့သော် မကြာမီ အချိန်အတွင်း တောင်ကြီးမြို့၌ ဆိုင်ကယ်သီးသန့်မောင်းနှင်စီးနင်းမှု ယာဉ်လမ်းများ ထွက်ပေါ်လာတော့မည်ကို တွေးရင်း ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကာ တောင်ကြီးမြို့အလှကို ပိုမိုတောက်ပလာစေတော့မည်။

တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက် ကြိုတင်သတိပေး ဆိုင်းဘုတ်များကို နေရာအနှံ့ ဤသို့ ချထားပြီး နှိုးဆော်လျက်ရှိသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၂၀

ဆီဆိုင်၌ အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဦးစီးကျင်းပသည့် အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ရည်ရွယ်ချက်ပါ အတွေ့အကြုံတွေ့စကားဝိုင်းကို ဇန်နဝါရီ ၁၅ ရက်က ဆီဆိုင်မြို့မ အောင်သပြေရပ်ကွက် မြို့ဦးဘုရားဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြ တက်ရောက်၍ အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်(၇)ရပ်နှင့် ပတ်သက်၍ ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

စာပေဟောပြောပွဲ ဖန်းမောက်မြို့၌ကျင်းပ

ကသာခရိုင် ဖန်းမောက်မြို့၌ စာပေဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် ည ၇ နာရီက မြို့မဘုန်းတော်ကြီးကျောင်း ဘုရားငါးဆူဓမ္မာရုံ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေလွင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ဖုန်းမြင့်အောင်၊ ညီစေမင်း၊ ယဉ်ယဉ်နု (အမျိုးသားစာပေဆုရှင်)နှင့် မဂျက်တို့က ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းတပ်၌ စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေး

မင်းတပ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးထန်းလောတမ်သည် ဇန်နဝါရီ ၁၂ ရက်က မွီတွီကျေးရွာ စွမ်းအားစာကြည့်တိုက်၌ ကျေးရွာဥက္ကဋ္ဌ ဦးဟုန်းအွမ်နိုင်း၊ ကျောင်းအုပ်ဆရာကြီး ဦးခေါ်ဂေဟုန်း၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံများအား တွေ့ဆုံဆွေးနွေးဟောပြောသည်။ (ခရိုင် ပြန်/ဆက်)

ခင်ဦးမြို့မဈေး၌ သားငါးအရောင်းဆိုင်များစစ်ဆေး

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ သားငါးအရောင်းဆိုင်များနှင့် ကြက်ဥ၊ ဘဲဥအရောင်းဆိုင်များအား မတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးမြဟန်တို့ လိုက်လံစစ်ဆေးကြသည်။ **(ဘဂျ)**

ထီးချိုင့်၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

ကသာခရိုင် ထီးချိုင့်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မြို့မဈေးအတွင်း၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီ မီးသတ်ကိရိယာများဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသကြသည်။ (မြို့နယ် ပြန်/ဆက်)

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဟားခါး၌ထပ်ဆင့်ရှင်းလင်း

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၃၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၁၇ရက်က ဟားခါးမြို့ ချင်းပြည်နယ် ဥပဒေရုံး၌ကျင်းပရာ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဟုမ္မလင်း၌ လူနာများအား အခမဲ့ကွင်းဆင်းကုသ

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ဟူနောင်ဟင်နောင်ရွာအုပ်စု ဟူနောင်ကျေးရွာတွင် ဟုမ္မလင်းမြို့နယ်တိုင်းရင်းဆေး ဒုတိယဆေးခန်းမှူး ဦးအောင်ခိုင်စိုးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ လူနာများအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက လိုအပ်သည်များ ပံ့ပိုးပေးသည်။ (မြို့နယ် ပြန်/ဆက်)

ပင်းတယ၌ မြို့တွင်းလမ်း ကတ္တရာရေပိတ်လွှာခင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မြို့တွင်းလမ်း ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၉ရက်က ခရိုင်အင်ဂျင်နီယာမှူး ဦးဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာဦးမျိုးသက်က ရှင်းလင်းတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

ကြက်၊ ငှက်တုပ်ကွေးအကြောင်း ဖောင်းပြင်၌ ပညာပေးဟောပြော

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကြက်၊ ငှက်တုပ်ကွေး ရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အင်ကြင်းမြိုင်ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ မတ် ၁၄ရက်ကကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်ဦးက ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဝေဘာဂီလမ်း ကတ္တရာခင်း

မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဝေဘာဂီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းမှုအခြေအနေကို ဖေဖော်ဝါရီ ၁၉ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေတင်တို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

တရားသူကြီးချုပ် ဦးအောင်တိုး တရားရေးဝန်ထမ်းများအား တွေ့ဆုံ ကျင့်ဝတ်နှင့် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး မှာကြား

နေပြည်တော် မတ် ၂၀

တရားသူကြီးချုပ် ဦးအောင်တိုးသည် ယနေ့မွန်းလွဲ ၁နာရီတွင် တရားရုံးချုပ်(မန္တလေး) ရုံးခန်းအမှတ် (၁)၌ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများအား တွေ့ဆုံ၍ တရားစီရင်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းဆိုင်ရာကျင့်ဝတ်နှင့် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ် ကျွမ်းကျင်သူအဆင့် အစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Real Admiral(Rtd.) Khurshed Alam ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်ကျွမ်းကျင်သူအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် မတ် ၁၆ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

သဘောတူညီ

အဆိုပါအစည်းအဝေးကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့၌ ကျင်းပခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်း ခေါင်းဆောင်သော မြန်မာ ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Real Admiral(Rtd.) Khurshed Alam ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ် ကျွမ်းကျင်သူ ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ ပင်လယ်ရေနယ်နိမိတ်သတ်မှတ်ရေးနည်းပညာပိုင်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြပြီးနောက်တစ်ကြိမ် ဆွေးနွေးပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပရန် သဘောတူညီခဲ့ကြသည်။

တည်ခင်းဧည့်ခံ

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj.Gen. Anup Kumar Chakma နှင့်ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦးတို့လည်း တက်ရောက်ကြသည်။ ယင်းနေ့ညပိုင်းတွင် ရွှေနန်းတော်ဟိုတယ်၌ ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ အဆိုပါ ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၉ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ယာဉ်တိမ်းမှောက်မှုများဖြစ်ပွား ယာဉ်မဆင်မခြင်မောင်းနှင်သူများအား အရေးယူနိုင်ရေး အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် မတ် ၂၀

ပုသိမ်မြို့မှ ငွေဆောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင် လိုက်ထရပ်ယာဉ်တစ်စီးသည် မတ် ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ပုသိမ်-ငွေဆောင် ကားလမ်း၊ ကွင်းကလေးရွာ ဘုန်းကြီးကျောင်းရှေ့၌ ကားလမ်းပြွန်ပေါက် ပေါ်ရှိ ယာဘက် ဘေးအုတ်ခုံကို ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် တစ်ဦးသေဆုံးပြီး ယာဉ်မောင်း အပါအဝင် ၁၃ ဦး ဒဏ်ရာအနည်းငယ်စီရရှိခဲ့ကြကြောင်း သိရသည်။

ကုသပေးလျက်ရှိ

အလားတူ မတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်း၌ ခရီးသည်များနှင့် စားသောက်ကုန်များ တင်ဆောင်ထားသည့် ဟိုင်းလတ်အဖြူရောင်ကားတစ်စီး တိမ်းမှောက်ခဲ့သဖြင့် ခရီးသည်ခုနစ်ဦး ဒဏ်ရာရရှိခဲ့မှုကြောင့် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ဆေးကုသပေး

ထို့အပြင် တာချီလိတ်မှ ကျိုင်းတုံမြို့သို့ ထွက်ခွာလာသော နှစ်ဆန်း ၁၀ ဘီး ယာဉ်တစ်စီးသည် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် ကျိုင်းတုံ-တာချီလိတ် ကားလမ်း၊ ကျိုင်းတုံမှ ကိုးမိုင်ခန့်အကွာရှိ ပန်လော့(အထက်) ကျေးရွာအနီးတွင် ဘရိတ်ပေါက်ကာ အဆိုပါယာဉ်၏ရှေ့ရှိ ခရီးသည် ၅၉ ဦး တင်ဆောင်လာသော ဖူဆိုအဲယားကွန်း ဘတ်စ် ခရီးသည်တင် မှန်လုံယာဉ်အား နောက်မှ သုံးကြိမ်ခန့်ဆက်တိုက်ဝင်တိုက်ခဲ့သဖြင့် မှန်လုံယာဉ်မှာ တိမ်းမှောက်ပြီး နှစ်ဆန်း ၁၀ဘီးယာဉ်မှာ လမ်းဝဲဘက်ကိုက် ၁၀၀သို့ထိုးကျကာ ဘုန်းကြီးကျောင်း အုတ်နံရံနှင့် တိုက်မိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် မှန်လုံ ယာဉ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် နှစ်ဦး၊ ခရီးသည် ကိုးဦး၊ ၁၀ ဘီး ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်နှစ်ဦး စုစုပေါင်း ၁၃ဦးသေဆုံးပြီး မှန်လုံယာဉ်မှခရီးသည် ၅၀မှာ ဖူးရောင်ပေါက်ပြဲ ဒဏ်ရာ အချို့ရရှိခဲ့သဖြင့် ကျိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အမှုဖွင့်

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းများအလိုက် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းများအား အရေးယူနိုင်ရေးအတွက် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါ အသိပညာပေးဟောပြော

သံဖြူဇရပ် မတ် ၂၀

ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1)နှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက်က သံဖြူဇရပ်မြို့ ရဲတပ်ဖွဲ့စခန်း စုဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညိုလှက တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရက ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း ကာကွယ်ကုသရေးနှင့် လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပေး ဟောပြောသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၃၄)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သမီးလေးရဲ့ဖေဖေ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၁၉)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ (၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **အဖေတူသား** (ပထမပိုင်း)
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ နိုင်ငံတကာသတင်း
၁၃။ မိုးလေဝသသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၆။ (၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **အဖေတူသား** (ဒုတိယပိုင်း)
၁၇။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၂)

ကျောက်ခွဲစက်၊ ထော်လာဂျီယာဉ်နှင့် ကျောက်တင်စက်တို့ကို KNU သောင်းကျန်းသူများ မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၂၀

ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေလူကျေးရွာနှင့် ဘန့်မွေးကုန်းကျေးရွာအကြား ဝါးဘိုးတော-ကမမောင်းကားလမ်းပေါ်ရှိ ပြားတောင်ကျောက်ထုတ်စခန်းသို့ မတ် ၁၄ရက် ည ၈နာရီခန့်တွင် KNU သောင်းကျန်းသူ ၁၀ဦးခန့်ရောက်ရှိလာပြီး ကျောက်ထုတ်စခန်းရှိ ကျောက်ခွဲစက်နှင့် ထော်လာဂျီယာဉ်တို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့နောက် အဆိုပါ KNU သောင်းကျန်းသူများသည် ကျောက်ထုတ်စခန်းနှင့် နှစ်မိုင်ခန့်အကွာ ရွှေလူကျေးရွာရှိ ကျောက်တင်စက်(Loader)ယာဉ်တစ်စီးကို ထပ်မံမီးရှို့ဖျက်ဆီးသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

ပို့စ်မောက်၊ စပါးနှင့်အဲဗာတန်တို့အနိုင်ရ ဆန်းဒါးလန်းနှင့် ဝီဂန်အိမ်ကွင်း၌ အောင်ပွဲခံ

လန်ဒန် မတ် ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၃၁) ဘောလုံးပြိုင်ပွဲများကို မတ် ၂၀ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ အက်စ်တွန်ဗီလာတို့ အိမ်ကွင်း၌ ဝူလ်ဗာဟမ်တန်ကို သရေဖြစ်အောင် ခြေကုန်ထုတ်ကစားလိုက်ရသည်။

သို့သော် ပွဲစပြီး ၁၆မိနစ်အကြာ ဂျိမ်းမီလ်နာနှင့် အက်ရှ်လေယန်းတို့၏ အကွက်ဆင်ပေးမှုကြောင့် ဂျွန်ကာရူး အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဂိုး သွင်းပြီးမကြာမီ ခရက်ဒေါက်က ဝူလ်ဗာဟမ်တန်အတွက် ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန်၃၈မိနစ်တွင် မီလ်နာက ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ ဝူလ်ဗာဟမ်တန်တို့ ဒုတိယဂိုးရခဲ့သည်။ ဗီလာတို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ကစားခဲ့ရာ ပွဲပြီးရန် ၁၀မိနစ်အလိုတွင် ဂျွန်ကာရူးက ဗီလာအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲအပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့သည်။

အဲဗာတန်-ဘော်လ်တန်

အဲဗာတန်တို့ အိမ်ကွင်း၌ ဘော်လ်တန်ကို လက်ခံကစားခဲ့ရာ အာတီတာ၏ တည်ကန်ဘောနှင့် ပီယင်နားတို့ ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။ ယင်းအနိုင်ပွဲသည် အဲဗာတန်အသင်း၏ အိမ်ကွင်း ခုနစ်ပွဲဆက်တိုက် အနိုင်ရခဲ့သောပွဲဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဘော်လ်တန်ကစားသမား စတိန်ဆင်သည် ယာကူဘူအား ကြမ်းတမ်းစွာ ကစားခဲ့၍ နှစ်ဝါ တစ်နီထိပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ပို့စ်မောက်အတွက် အိုဟားရား ဂိုးသွင်းပြီး ကစားဖော်များနှင့်ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပို့စ်မောက်-ဟူးလ်စီးတီး

ပို့စ်မောက်တို့ အိမ်ကွင်း၌ ပွဲပြီးခါနီး နှစ်ဂိုးဆက်တိုက်သွင်းယူလိုက်၍ ဟူးလ်စီးတီး၏ နိုင်ပွဲမျှော်လင့်ချက် ရုတ်တရက် အဆုံးသတ်စေခဲ့သည်။ ပွဲစသည်နှင့် ဟူးလ်စီးတီးမှ ဖော်လန်က ဂိုးစသွင်းယူသည်။ ယင်းဂိုးကို ဂျိမ်းစ်က ပို့စ်မောက်အတွက် ချေပသည်။ ပွဲချိန် ၇၃မိနစ်တွင်ဖော်လန်က ဟူးလ်စီးတီးအတွက် သွင်းယူခဲ့သည်။ သို့သော် အိုဟားရားနှင့် ကနူးတို့က ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့၍ ဟူးလ်စီးတီး ရှုံးပွဲကြုံပြီး ပို့စ်မောက် နိုင်ပွဲရခဲ့သည်။

ဆန်းဒါးလန်းနိုင်

ဆန်းဒါးလန်းတို့ အိမ်ကွင်း၌ ဘာမင်ဂမ်အသင်းကို လက်ခံကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ရမှတ် သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။

စတုတ် - စပါး

စပါးတို့ စတုတ်စီးတီးအိမ်ကွင်းသို့ ဧည့်အသင်းအဖြစ် သွားရောက်ကစားခဲ့ရသော်လည်း နိုင်ပွဲရခဲ့၍ လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် ပိုမိုနိုင်မာလာသည်။ သို့သော် စပါးတို့ ဒုတိယပိုင်းရောက်မှ ဂွတ်ဂျွန်ဆင်က အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ယင်းဂိုးကို အီသာရင်တန်က ပြန်လည်ချေပခဲ့သည်။ စတုတ်စီးတီးမှ ပိုက်ဟတ်သည် ပွဲချိန် ၄၉ မိနစ်တွင် မိုဒရစ်အား ကြမ်းတမ်းစွာ ကစားခဲ့၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ ပွဲချိန် ၇၇ မိနစ်တွင် ခရမ်ကာက စပါးအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ဝီဂန်က အိမ်ကွင်း၌ ဘန်လေကို လေလွင့်ချိန်တွင် ဟူဂိုရော့ဒယ်လီဂါ၏ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။

စပါးအတွက် ပထမဆုံးဂိုးကို ဂွတ်ဂျွန်ဆင် သွင်းယူပြီးနောက် ကစားဖော်တစ်ဦးနှင့် ဤသို့အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်က ဝက်စ်ဟမ်းကို ဒီနယ်ဆင်နှင့် ဖာဘရီဂတ်စ်တို့၏ ဂိုးများကြောင့် အနိုင်ရရှိပြီး ရမှတ် ၆၇မှတ်ဖြင့် ဇယားထိပ်ဆုံးရောက်ရှိလာသည်။ ။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

မန္တလေးဆိပ်ကမ်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး
မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက်အမှာစကားပြောကြား

မန္တလေး မတ် ၂၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် မတ် ၅ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးဆိပ်ကမ်း သာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ (ဝဝံ)

အဆိုပါ အစည်းအဝေးသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများ၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရှိန်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းပါဝင်ဆောင်ရွက်

ရှေးဦးစွာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးဆိပ်ကမ်းသာယာလှပရေးအတွက် တက်ရောက်လာကြသည့် ကော်မတီများအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ မိမိတို့မြို့တော်စည်ပင်သာယာအနေဖြင့် မြို့တော်သန့်ရှင်း သာယာလှပရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ မန္တလေးဆိပ်ကမ်းသာယာလှပရေးအတွက် သန့်ရှင်းရေးနှင့် လမ်းများပြုပြင်မှုအပိုင်းများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတွင် ရေယာဉ်များစနစ်တကျ ဆိုက်ကပ်စေရေး၊ ပစ္စည်းတင်ချခြင်းလုပ်ငန်း၊ ထုံးသဲ၊ ကျောက်များနှင့် စက်သုံးဆီရေယာဉ်များကို အပိုင်းလိုက်နေရာချထားခြင်းလုပ်ငန်း၊ ဆိပ်ကမ်းသာယာလှပရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ကော်မတီအလိုက် တာဝန်ခွဲဝေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မန္တလေးဆိပ်ကမ်းသို့ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းရေကြောင်းခရီးသွားများ စိတ်ချမ်းသာစွာဖြင့် အမြင်တင့်တယ်လှပနေမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းအနီး ကျူးကျော်တဲများ ဖယ်ရှားရှင်းလင်းရေးနှင့် ဆိပ်ကမ်းသာယာလှပရေးအတွက် ကော်မတီအလိုက် လုပ်ငန်းများကို တက်ညီ လက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဦးမြသန်းကို၊ နိုင်ငံခြားနှင့် ပြည်တွင်း ခရီးသည်တင်သင်္ဘောများ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန်း၊ ကုန်တင်သင်္ဘောများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရှိန်ဝင်း၊ သစ်ဖောင်ဝါးဖောင်များ စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး မြန်မာ့သစ်လုပ်ငန်းလက်ထောက်မန်နေဂျာ ဦးချစ်ဝင်း၊ ထုံး၊ သဲ၊ ကျောက်တင် ရေယာဉ်များ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူး ဦးသန်းလွင်နှင့် စက်သုံးဆီတင်ရေယာဉ်များ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပင်မရေနံ(မန္တလေး) ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်တို့က မန္တလေးဆိပ်ကမ်း သာယာလှပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အမှာစကား

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မန္တလေးဆိပ်ကမ်းသာယာလှပရေးနှင့်ပတ်သက်၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် မြို့တော်ဝန်က လိုအပ်သည်များမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (၃၁၃)

ဟားခါး ဇိုခွားကျေးရွာ ရွှန်အုပ်စာကြည့်တိုက်ဖွင့်

ဟားခါး မတ် ၁၆

ချင်းပြည်နယ် ဖလမ်းခရိုင် ဟားခါးမြို့နယ် ဇိုခွားကျေးရွာ ရွှန်အုပ်စာကြည့်တိုက် ဖွင့်ပွဲနှင့် DTH စလောင်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၀ရက် မွန်းတည့် ၁၂နာရီက ရွှန်အုပ်စာကြည့်တိုက်၌ ကျင်းပသည်။

ပြောကြား

အဆိုပါ စာကြည့်တိုက်ကို ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဆွေခန့်ထန်နှင့် ဒေါက်တာစတီဗင်ဟရဲကီယိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆွေခန့်ထန်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းခင်၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးဇော်မင်းအောင်နှင့် ဒေါက်တာစတီဗင်ဟရဲကီယိုတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ DTH စလောင်းတစ်စုံကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကျဲအိုနှင်းထံသို့ လည်းကောင်း၊ သုတ/ရသစာအုပ် ၁၀၀ကို ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းခင်က သိက္ခာတော်ရ ဦးကျဲအိုအုပ်ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရပ်ကွက်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ထိနမ်းကျေးရွာ စာကြည့်တိုက် ဖွင့်ပွဲနှင့် DTH စလောင်း ပေးအပ်လှူဒါန်းပွဲကို မတ် ၁၁ရက် ညနေ ၃နာရီက ထိနမ်းကျေးရွာ၌ ကျင်းပရာ ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆွေခန့်ထန် တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ DTH စလောင်း တစ်စုံကို မြို့နယ်အသင်းအမှုဆောင်အရာရှိ ဦးခင်ထွန်းက လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရှိန်းတမိက သုတ/ရသစာအုပ် ၁၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

Coolmist Water Cooling Fan ဖြန့်ချိ

ရန်ကုန် မတ် ၂၀

Coolmist သည် ရေမှုန်ဖျန်းနည်းစနစ် (Misting System) ကိုအသုံးပြု၍ ရေကို အလွန်သေးငယ်သော ရေမှုန်များ (10-micron) အဖြစ်သို့ပြောင်းလဲပြီး အစိုဓာတ်လုံးဝမရှိဘဲ အပူရှိန်ကို သဘာဝအလျောက်လျော့ကျသွားအောင် ပြုလုပ်ပေးသည့် Water Cooling Fan ဖြစ်သည်။

Coolmist ကိုသုံးစွဲခြင်းကြောင့် ပူပြင်းသည့် ရာသီဥတုတွင် အအေးခန်း (Airconditioned Room) အတွင်းမဟုတ်သည့် ပြင်ပတွင် သက်သာအေးချမ်းစွာ နေနိုင်မည် ဖြစ်သည်။ ထို့ပြင် လေထုထဲရှိ ဖုန်မှုန့်များကို ရေမှုန်များဖြင့် ဖယ်ရှားပေးပြီး သန့်စင်သော လေကိုရှူရှိုက်နိုင်မည်ဖြစ်သည်။

ဖန်တီးပေးနိုင်

Coolmist သည် လေထဲရှိ ဆေးလိပ်ငွေ့များ၊ ညှော်နံ့များစသည့် ဆိုးရွားသည့် အနံ့အသက်များကို ရေမှုန်များဖြင့် ဖယ်ရှားပေးပြီး အေးမြ၍ သန့်ရှင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အချင်းလက်မ ၃၀ရှိ Coolmist Water Cooling Stand Fan တွင် Aluminium Blades နှင့် High Pressure Pump နှင့်အတူ Connections နှင့် Switches များပါရှိသည်။ အချင်း ၂၆လက်မရှိ Coolmist Water Cooling Stand Fan တွင် High Pressure Pump နှင့်အတူ Connections နှင့် Switches များပါရှိသည်။

အချင်း ၂၄လက်မရှိ Coolmist Water Cooling Wall Mounted Fan တွင် High Pressure Pump နှင့်အတူ Connections နှင့် Switches များပါရှိသည်။ Coolmist သည် မူလရှိသည့် အပူရှိန်မှ 10˚C အထိလျှော့ချနိုင်ခြင်းကြောင့် စားသောက်ဆိုင်များ၊ ဧည့်ခံပွဲများ၊ Stageshow များ၊ စက်ရုံများ၊အားကစားရုံများ၊ လူထုအစည်းအဝေးများ၊ ကုန်စည်ပြပွဲများနှင့် ပင်လယ်ကမ်းခြေများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

Coolmist ဝယ်ယူပါက တပ်ဆင်မည့်နေရာနှင့် သင့်တော်မည့် စက်ပစ္စည်းများကို လေ့လာအကြံပြုပြီး လိုက်လံတပ်ဆင်ပေးမည်ဖြစ်သည်။ အလှူမင်္ဂလာပွဲ အစည်းအဝေးနှင့် Stageshow တို့တွင် အချိန်ပိုင်း အသုံးပြုလိုသူများအတွက် ငှားရမ်းတပ်ဆင်ပေးမည်ဖြစ်သည်။ ထို့အပြင် ဝယ်ယူငှားရမ်းသုံးစွဲသူများအတွက် After Sale Service ထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဆက်သွယ်မှာယူနိုင်

Coolmist ဝယ်ယူတပ်ဆင်လိုသူများသည် Lin Technical Services အမှတ် (၉၀) ဆရာစံလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၃၀၅၄ နှင့် ၄၄၁၂၂၇၀ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထောက်ပံ့ကူညီ

ဖေဖော်ဝါရီ ၂၈ရက်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက တိုက်ကြီးမြို့နယ် ဥက္ကံကျေးရွာတွင် မျက်စိခွဲစိတ်ပြီး လူနာများအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကာ ကူညီစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနား
ဟင်္သာတမြို့တော်ခန်းမ၌ ကျင်းပ

ဟင်္သာတ မတ် ၁၈

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် သွေးလှူရှင်အသင်း ကြီးကြပ်ရေးကော်မတီက ကျင်းပသော ဒုတိယအကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉နာရီက ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို အထက(၁) သတ္တမတန်း ကျောင်းသားကျောင်းသူလေးများက သွေးလှူရှင် ဂုဏ်ပြုတေးသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)** မြို့နယ်သွေးလှူရှင်အသင်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းဘဏ်က အသင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ တာဝန်ရှိသူများက သွေးလှူခဲ့ခြင်း တစ်ကြိမ်မှ ၇၅ကြိမ်အထိ သွေးလှူရှင် ၆၃၄ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်သွေးလှူရှင်အသင်းသို့ အလှူငွေစုစုပေါင်း ငွေကျပ် ၉၉၇၀၀၀ လှူဒါန်းကြသော အလှူရှင် ၂၀တို့ကို မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် သွေးသွင်းကုသမှုခံယူခဲ့ကြသည့် လူနာရှင်များကိုယ်စား ကျုံပျော်မြို့နယ် မရန်းရိုးကျေးရွာမှ ဒေါ်နန်းကလျာစိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေတလာ

မီးဘေးကာကွယ်ရေး သီပေါ၌သရုပ်ပြလေ့ကျင့်

သီပေါ မတ် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို မတ် ၇ရက် ညနေ ၄နာရီက မြို့မစည်ပင်သာယာရေးဈေးကြီး၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ခွဲမှူး ဦးအုန်းညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးကြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြသည်။ **(အောက်ပုံ)**

ဆက်လက်ဆောင်ရွက်

အဆိုပါ မီးဘေးသရုပ်ပြလေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းများကို မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ (၀၂၀)

ဒီပဲယင်းမြို့ ကြခတ်ကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင်

ဒီပဲယင်း မတ် ၁၅

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကြခတ်ကျေးရွာ၌ အမျိုးသမီးရေးရာစာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်လင်း၊ ကျေးရွာ ဥက္ကဋ္ဌ ဦးတက်ချိုတို့က စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်မည့် မြေနေရာ၌ ပန္နက်တင်ပေးသည်။

အဆောက်အအုံသစ်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပံ့ပိုးငွေကျပ် ငါးသိန်း မတည်၍ ကျေးရွာပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်မည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

➤ သတင်းမှတ်စု-တင်မာဝင်းနှင့် မြကေခိုင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် မတ် ၂၀

ယခင်ကာလက မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးတွင်း၌ မိုးစပါးအတွက် မိုးရေလုံလောက်သော်လည်း နွေရာသီတွင် စိုက်ပျိုးရေ အခက်အခဲကြောင့် နွေစပါးကိုမစိုက်ပျိုးနိုင်ခဲ့ကြချေ။ ထိုသို့သော ဒေသခံတောင်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် နိုင်ငံတော် အစိုးရက စီမံကိန်းများချမှတ်ကာ ဆည်မြောင်းတာတမံများကို ဒေသအနှံ့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၆* ■

အလင်းရောင် ရုပ်မြင်သံကြားဇာတ်လမ်း

မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၀

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထုတ်လွှင့်ပြသမည့် အလင်းရောင် ရုပ်မြင်သံကြားဇာတ်လမ်း ပထမပိုင်းကို မတ် ၂၃ ရက် ည ၈ နာရီ သတင်းများအပြီးတွင်လည်းကောင်း၊ ဇာတ်လမ်းဒုတိယပိုင်းကို မတ် ၂၄ ရက် ည ၈ နာရီ သတင်းများအပြီးတွင်လည်းကောင်း၊ ဇာတ်သိမ်းပိုင်းကို မတ် ၂၅ ရက် ည ၈ နာရီ သတင်းများအပြီးတွင်လည်းကောင်း မြန်မာ့ရုပ်မြင်သံကြားနှင့်မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ဖလော်ရီဒါ မတ် ၂၀

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် စင်မီနိုးမြို့ရှိ ဟတ်ရော့ ဟိုတယ်ရေကန်၌ မိကျောင်းဖမ်းကျွမ်းကျင်သူ တစ်ဦးက လူကိုတိုက်ခိုက်ကိုက်သတ်နိုင်စွမ်းရှိသည့် မိကျောင်းကြီးတစ်ကောင်အား ဖမ်းယူပြခဲ့သည်။

နပန်းသတ်ဖမ်းယူနိုင်

မိကျောင်းကို ရေထဲတွင် ဖမ်းယူရန် လက်နက်သို့မဟုတ် ကိရိယာတစ်စုံတစ်ရာမပါဘဲ နပန်းသတ်ဖမ်းယူနိုင်သူမှာ ထိုသူသည် ပထမဆုံးဖြစ်လိမ့်မည်ဟု ဆိုသည်။ စာမျက်နှာ ၈ ကော်လံ ၆ ✳

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၂၀

မတ် ၂၀ ရက် နံနက် ၂နာရီ ၂၇ မိနစ် ၂၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်တိုင်းထွာရေးစခန်းမှ အရှေ့မြောက်ဘက်မိုင် ၄၀၀ ခန့်ကွာဝေးသည့် မိုင်းယန်းမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ ကွာဝေးသည့် (တရုတ်-မြန်မာနယ်စပ်၊ ဝမ်တန်ကျေးရွာအနီးဒေသ) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**